1	4,582,741		4,582,741	0.870	3,984,992	0.833	3818951
2	4,560,280		4,560,280	0.756	3,448,227	0.694	3166861
3	4,537,144		4,537,144	0.658	2,983,246	0.579	2625662
4	4,513,316		4,513,316	0.572	2,580,503	0.482	2176561
5	4,492,868		4,492,868	0.497	2,233,749	0.402	1805583
6	4,492,868		4,492,868	0.432	1,942,391	0.335	1504652
7	4,183,310		4,183,310	0.376	1,572,661	0.279	1167485
8	4,183,310		4,183,310	0.327	1,367,531	0.233	972904
9	4,183,310		4,183,310	0.284	1,189,158	0.194	810754
10	4,180,146		4,180,146	0.247	1,033,268	0.162	675117
11	4,178,018		4,178,018	0.215	898,037	0.135	562311
12	4,178,018		4,178,018	0.187	780,901	0.112	468593
13	4,178,018		4,178,018	0.163	679,045	0.093	390494
14	4,178,018		4,178,018	0.141	590,474	0.078	325411
15	4,178,018		4,178,018	0.123	513,455	0.065	271176
16	4,178,018		4,178,018	0.107	446,483	0.054	225980
17	3,473,486		3,473,486	0.093	322,777	0.045	156561
18	3,473,486		3,473,486	0.081	280,675	0.038	130468
19	3,473,486		3,473,486	0.070	244,066	0.031	108723
20	3,473,486		3,473,486	0.061	212,231	0.026	90603
21	3,363,412		3,363,412	0.053	178,700	0.022	73110
22	3,363,412		3,363,412	0.046	155,392	0.018	60925
23	3,363,412		3,363,412	0.040	135,123	0.015	50770
24	3,363,412		3,363,412	0.035	117,498	0.013	42309
25	3,363,412		3,363,412	0.030	102,173	0.010	35257
26	3,363,412		3,363,412	0.026	88,846	0.009	29381
27	3,363,412		3,363,412	0.023	77,257	0.007	24484
28	3,363,412		3,363,412	0.020	67,180	0.006	20404
29	3,363,412		3,363,412	0.017	58,417	0.005	17003
30	3,363,412		3,363,412	0.015	50,798	0.004	14169
	116,505,465	91,931,304	208,436,769		(63,596,049)		(70,108,643)

Internal Rate of Return =

Internal Rate of Return = A + (a/(a+b) X (B-A))

A= the Lowest Interest Rate

B= the Highest Interest Rate

a= Positive NPV

b= Negative NPV

Annexure (J)

MIN KHIT THIT MINING COMPANY LIMITED

Employee Statement

Local Staff

No	Designation	Year (1) No of Employees	Year (1) Month Kyat	Year (1) Year Kyat (000)	Year (2) No of Employees	Year (2) Month Kyat	Year (2) Year Kyat (000)	Year (3) No of Employees	Year (3) Month Kyat	Year (3) Year Kyat (000)	Year (4) No of Employees	Year (4) Month Kyat	Year (4) Year Kyat (000)	Year (5-30) No of Employees	Year (5-30) Month Kyat	Year (5-30) Year Kyat (000)
1	Super Intendent (Manager)	1	2,700,000	32,400	1	2,781,000	33,372	1	2,864,430	34,373	1	2,950,363	35,404	1	3,038,874	36,466
2	Engineering Operator	15	1,620,000	291,600	15	1,668,600	300,348	15	1,718,658	309,358	15	1,770,218	318,639	15	1,823,325	328,199
3	HR Manager	1	1,350,000	16,200	1	1,390,500	16,686	1	1,432,215	17,187	1	1,475,181	17,702	1	1,519,436	18,233
4	Technical & Accounting	10	1,080,000	129,600	10	1,112,400	133,488	10	1,145,772	137,493	10	1,180,145	141,617	10	1,215,549	145,866
5	Staff	3	675,000	24,300	3	695,250	25,029	3	716,108	25,780	3	737,591	26,553	3	759,719	27,350
6	Labour	8	675,000	64,800	8	695,250	66,744	8	716,108	68,746	8	737,591	70,809	8	759,719	72,933
7	Driver	3	675,000	24,300	3	695,250	25,029	3	716,108	25,780	3	737,591	26,553	3	759,719	27,350
8	Security	5	675,000	40,500	5	695,250	41,715	5	716,108	42,966	5	737,591	44,255	5	759,719	45,583
	Total	46		623,700	46		642,411	46		661,683	46		681,532	46		701,980

No	Designation	Year (1) No of Employees	Year (1) Month US$	Year (1) Year US$(000)	Year (2) No of Employees	Year (2) Month US$	Year (2) Year US$ (000)	Year (3) No of Employees	Year (3) Month US$	Year (3) Year US$ (000)	Year (4) No of Employees	Year (4) Month US$	Year (4) Year US$ (000)	Year (5-30) No of Employees	Year (5-30) Month US$	Year (5-30) Year US$ (000)
	Foreign Expert & Technicians															
1	Spuer Intendent (Manager)	1	7,200	86	1	7,200	86	1	7,200	86	1	7,200	86	1	7,200	86
2	Engineering Operator	12	4,300	619	12	4,300	619	12	4,300	619	12	4,300	619	12	4,300	619
3	Technical & Accounting	10	3,400	408	10	3,400	408	10	3,400	408	10	3,400	408	10	3,400	408
		23		1,113	23		1,113	25		1,113	23		1,113	23		1,113

Annexure (K)

Investment

No	Investment Item	Kyat	US$	Total Equivlement Kyat
1	**Working Capital**			
	a-a Machinery & Electrical installation charges		6,120,790	8,263,066,500
	a-b Civil construction(building & pond etc)		1,381,880	1,865,538,000
	a-cSite preparation (Slope Protection,Earth work, Road,Fencing etc.)		3,680,000	4,968,000,000
	a-d All transportation & handling charges	2,314,291,500		2,314,291,500
	a-e Salary & wages	3,372,840,000		3,372,840,000
	a-f Testing & commissioning charges	1,066,891,500		1,066,891,500
	a-g General expenses	1,808,127,000		1,808,127,000
2	**Machinery**			
	b-a Machinery and equipment (Boiler,Turbine,Generator and all imported) (to enclosed detailed list Quantity, Price, Value)		30,500,000	41,175,000,000
	b-b Transmission line & substation equipment		2,900,000	3,915,000,000
			-	
3	**Land(total land cost & land preparation cost)**	5,014,286,100		5,014,286,100
4	**Building**			
	d-a Building Material to be imported from Foreign countries Foreign countries (Attached detail list,Quantity, Price and cost)		4,115,300	5,555,655,000
	d-b Building Material (local purchase), pile and cement	3,250,260,000		3,250,260,000
5	**Furniture & office equipment**	85,121,000		85,121,000
6	**Raw Material**	9,277,227,000		9,277,227,000
	Total	**26,189,044,100**	**48,697,970**	**91,931,303,600**

မင်းခေတ်သစ် သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်

ပြည်တွင်းမှ ထည့်ဝင်မည့် မတည်ငွေ၏ အသေးစိတ်စာရင်း

(ကျပ်သန်းပေါင်း)

စဉ်	အကြောင်းအရာ	မတည်ငွေ		ချေးငွေ		စုစုပေါင်း	
		ကျပ်	US$	ကျပ်	US$	ကျပ်	US$
၁	ငွေသား	၈၅၆၂.၁၅	၁၁.၁၈	-	-	၈၅၆၂.၁၅	၁၁.၁၈
၂	စက်စွည်းအမျိုးအစား ကိရိယာများတန်ဖိုးပမာဏ	-	-	-	၃၃.၄၀	-	၃၃.၄၀
၃	မြေတန်ဖိုး	၅၀၁၄.၂၉	-	-	-	၅၀၁၄.၂၉	-
၄	အဆောက်အအုံ ဆောက်လုပ်မှု ကုန်ကျစရိတ် (ပြည်တွင်း)	၃၂၅၀.၂၆	၄.၁၂	-	-	၃၂၅၀.၂၆	၄.၁၂
၅	ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများ (ပြည်တွင်း)	၈၅.၁၂	-	-	-	၈၅.၁၂	-
၆	ကုန်ကြမ်းတန်ဖိုးပမာဏ	၉၂၇၇.၂၃	-	-	-	၉၂၇၇.၂၃	-
	စုစုပေါင်း	၂၆၁၈၉.၀၅	၁၅.၃၀	-	၃၃.၄၀	၂၆၁၈၉.၀၅	၄၈.၇၀

Annexure (L)

MIN KHIT THIT MINING COMPANY LIMITED

Repayment of Loan Schedule

(Kyat)

Year	Principal	Repayment	Interest Rate (13%)	Pricipal Payment & Interest	Balance
	45,090,000,000				
1	-	-	5,861,700,000	5,861,700,000	
2	-	-	5,861,700,000	5,861,700,000	-
3	-	-	5,861,700,000	5,861,700,000	-
4	-	5,636,250,000	5,861,700,000	11,497,950,000	39,453,750,000
5	-	5,636,250,000	5,128,987,500	10,765,237,500	33,817,500,000
6	-	5,636,250,000	4,396,275,000	10,032,525,000	28,181,250,000
7	-	5,636,250,000	3,663,562,500	9,299,812,500	22,545,000,000
8	-	5,636,250,000	2,930,850,000	8,567,100,000	16,908,750,000
9	-	5,636,250,000	2,198,137,500	7,834,387,500	11,272,500,000
10	-	5,636,250,000	1,465,425,000	7,101,675,000	5,636,250,000
11	-	5,636,250,000	732,712,500	6,368,962,500	-

KBZ BANK
ကမ္ဘောဇဘဏ်လီမိတက်
No.615/1,PYAY ROAD, KAMAYUT TOWNSHIP, YANGON, MYANMAR. Ph: 538 075-76, 538 078-80 Fax: 538 069-71 www.kbzbank.c

စာအမှတ်။ SGM003/001

ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ(၃၀)ရက်။

သက်ဆိုင်ရာသို့

အကြောင်းအရာ။ ။ ငွေကြေးလိုအပ်ချက်များအား ကူညီထောက်ပံ့ခြင်း။

အထက်ပါကိစ္စနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့် မင်းခေတ်သစ်ကုမ္ပဏီ၏ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်အတွင်း (၂၃) မဂ္ဂါဝပ်ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံစီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ငွေကြေးလိုအပ်ချက်များကို တည်ဆဲလုပ်ထုံးလုပ်နည်းငွေချေးပေးခြင်းဆိုင်ရာမူဝါဒအချက်အလက်များနှင့် ကိုက်ညီပါက ချေးငွေဖြင့်ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

30/10/2017

စိုးထင်မောင်မောင်
အကြီးတန်းအထွေထွေမန်နေဂျာ

MKT
MIN KHIT THIT
Mining Company Limited
MIN KHIT THIT Mining Company Limited
No.(B/273), Chan Mya Thar Si Qtr, Anauk Myo Pat Street, Taunggyi, Shan State, Myanmar.
Tel: 09-5211963(Myan), 084-6090757, 090-0530559(Thai) Ph/Fax: 084-51218

စာအမှတ်။ ။၂၆/မခသ(စမ)/၂၀၁၇
ရက်စွဲ။ ။၂၀၁၇ခု၊ ဒီဇင်ဘာလ(၆)ရက်။

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မီးဘေးလုံခြုံရေးစီမံချက်

၁။ ရည်ရွယ်ချက်

"မင်းခေတ်သစ် သတ္တု တူးဖော်ရေး ကုမ္ပဏီလီမိတက်" (Min Khit Thit Mining Company Limited.)သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု၊ ကွင်းအမှတ်-ကွင်းပြင်(ကျောက်လှိုင်ဂူ)အနီးတွင် (၂၃) မဂ္ဂါဝပ် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းအတွက် လုပ်ငန်းများလုပ်ကိုင်ရာတွင် မလိုလားအပ်သော မီးဘေးအန္တရာယ်ကြောင့် ငွေကြေးနှင့်အခြားဆုံးရှုံးမှုများ မဖြစ်စေရေးအတွက် ထိရောက်သော ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်သွား ရန်ရည်ရွယ်ပါသည်။

၂။ လုပ်ငန်းတည်နေရာ

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု၊ ကွင်းအမှတ်-ကွင်းပြင် (ကျောက်လှိုင်ဂူ)အနီး၊ မြေဧရိယာ (၄၀)ဧက

၃။ လုပ်ငန်းတာဝန်

ရည်ရွယ်ချက်အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်-

(က) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်း
(ခ) မီးငြိမ်းသတ်ရေးလုပ်ငန်း
(ဂ) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း

၄။ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်း

ကြိုတင်ကာကွယ်ရေးလုပ်ငန်းသည် အခြေခံအကျဆုံးနှင့် အထိရောက်ဆုံး လုပ်ငန်းဖြစ်၍ အောက်ပါညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် အချိန်အခါနှင့် အခြေအနေ အရ ဖြည့်စွက်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်-

MIN KHIT THIT Mining Company Limited
No.(B/273), Chan Mya Thar Si Qtr, Anauk Myo Pat Street, Taunggyi, Shan State, Myanmar.
Tel: 09-5211963(Myan), 084-6090757, 090-0530559(Thai) Ph/Fax: 084-51218

(၁) မီးလောင်စေနိုင်သော အခြေအနေများကို ဖယ်ရှားတားမြစ်ရန်၊

(၂) အဆောက်အဦးများအတွင်း မီးလောင်စေနိုင်သည့် စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များ၊ အမြဲသန့်ရှင်းအောင် ရှင်းလင်းထားရန်။

(၃) လောင်စာဆီများကို သတ်မှတ်ကန့်သတ်ချက်နည်းလမ်းအတိုင်းစနစ်တကျ သိုလှောင်ခြင်း၊ ဖြည့်တင်းခြင်း၊ အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းများပြုလုပ်ရန်။

(၄) လျှပ်စစ်သွယ်တန်းအသုံးပြုခြင်းကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပြဌာန်းချက် များ၊ နည်းပညာများအတိုင်း တပ်ဆင်အသုံးပြုသွားရန်။

(၅) အဆောက်အဦးများတွင် မြေစိုက်ကြိုးများနှင့် မိုးကြိုးလွှဲများတပ်ဆင်ရန်။

(၆) မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးအဖွဲ့များဖွဲ့စည်းပေး၍ နည်းပညာပေး သင်တန်းများပို့ချပေးရန်။

(၇) မီးသတ်ဆေးဗူးများ၊ မီးသတ်ရေပိုက်ခေါင်းများ၊ ရေလှောင်ကန်များ ထားရှိရန်။

၅။ မီးငြိမ်းသတ်ရန် ကြိုတင်လုပ်ငန်းများ

မီးလောင်မှု မဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပွား လာပါက အောက်ပါအတိုင်း လုပ်ငန်းများကို စနစ်တကျ လိုက်နာဆောင်ရွက်သွားရမည်။

(၁) အဆောက်အဦးနှင့် လိုအပ်သော နေရာတိုင်းတွင် မီးသတ် ဆေးဗူးများ၊ ရေပုံး၊ မီးသတ်ပိုက်လိုင်းများထားရှိရမည်။

(၂) အလိုအလျောက် မီးအချက်ပေးစနစ်နှင့် အချက်ပေးသံချောင်းများ တပ်ဆင်ရမည်။

(၃) မီးလုန့်အချက်ပေးသည့်စနစ်ကို သတ်မှတ်ထားရမည်။

(၄) မီးလောင်လျှင် ဦးစားပေးငြိမ်းသတ်ရေးကို သတ်မှတ်ရမည်။

(၅) မီးဘေးလုံးခြုံရေးဝန်ထမ်းကိုနေ့စဉ်တာဝန်ချထားရမည်။

(၆) မီးလောင်မှုဖြစ်ပွားပါက အောက်ပါတို့ကို ချက်ချင်းအရေးတကြီးပြုလုပ်ရမည်-

(က) အချက်ပေးခေါင်းလောင်းခေါက်ခြင်း

(ခ) မီးသတ်ဦးစီးဌာနသို့ အမြန်ဆုံးမီးသတ်ကား လာရောက်ငြိမ်းသတ်နိုင်ရန် လမ်းညွှန်အကြောင်းကြားခြင်း။
(ဂ) ဦးစားပေးပစ္စည်းများ မီးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊
(ဃ) မီးငြိမ်းသတ်ခြင်း၊

၆။ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း

အကယ်၍ မီးလောင်မှုကြောင့် လူနှင့်စက်ပစ္စည်းများကို အရေးပေါ်ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ရသဖြင့် ထိခိုက်မှု၊ ဆုံးရှုံးမှုများရှိပါက တာဝန်ရှိကြီးကြပ်သူများသို့ တင်ပြ၍ နေရာ ချထားပေးခြင်း၊ ဆေးပေးခန်း၊ ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေခြင်းနှင့်ကူညီ ထောက်ပံ့မှုပေးခြင်းတို့ကို ဆောင်ရွက်ပါမည်။

လေးစားစွာဖြင့်

Sai Won Pun
Managing Director
Min Khit Thit Mining Co., Ltd.

MIN KHIT THIT Mining Company Limited
No.(B/273), Chan Mya Thar Si Qtr, Anauk Myo Pat Street, Taunggyi, Shan State, Myanmar.
Tel: 09-5211963(Myan), 084-6090757, 090-0530559(Thai) Ph/Fax: 084-51218

စာအမှတ်၊ ။၂၇/မခသ(စမ)/၂၀၁၇
ရက်စွဲ၊ ။၂၀၁၇ခု၊ ဒီဇင်ဘာလ (၆)ရက်။

သို့

ဥက္ကဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

<u>ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန် ဆောင်ရွက်ထားမှုအခြေအနေတင်ပြခြင်း</u>

"မင်းခေတ်သစ် သတ္တု တူးဖော်ရေး ကုမ္ပဏီလီမိတက်" (Min Khit Thit Mining Company Limited.)သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု၊ ကွင်းအမှတ်-ကွင်းပြင်(ကျောက်လှိုင်ဂူ)အနီးတွင် (၂၃) မဂ္ဂါဝပ် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းအတွက် လုပ်ငန်းများလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန် အဆောက်အဦး များအတွင်း သန့်စင်ခန်းများထားရှိခြင်း၊ အမှိုက်ပုံးများထားရှိခြင်း၊ အဆောက်အဦး ပတ်ဝန်းကျင်အား သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေနုတ်မြောင်းများမှ အနံ့အသက်များ မရှိအောင် ရေနုတ်မြောင်းများကို ရေစီးရေလာ ကောင်းမွန်အောင် ပြုပြင်ခြင်းလုပ်ငန်းများကို အစဉ်ပြုလုပ်မည် ဖြစ်ပါကြောင်းနှင့် မော်တော်ယာဉ်များ ရေဆေးသန့်စင်ခြင်းမှ ထွက်ရှိမည့် ရေဆိုးများကို စနစ်တကျ စွန့်ပစ်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

အဆိုပါလုပ်ငန်းသည် ပတ်ဝန်းကျင်တွင် ဆူညံမှုဖြစ်ပေါ်မည်မဟုတ်ပဲ ပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလည်း ဖြစ်ပေါ်မည်မဟုတ်ကြောင်းနှင့် အဆောက်အဦးများမှ ထွက်ရှိလာသော အမှိုက်များကိုလည်း စနစ်တကျ စွန့်ပစ်မည်ဖြစ်ပါကြောင်းနှင့် အဆောက်အဦးများပတ်ဝန်းကျင်တွင် ဖြစ်ပေါ်လာ မည့်အနံ့ဆိုးများ ပျောက်ကင်းစေရန် အပင်များစိုက်ပျိုးထားရှိမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

Sai Won Pun
Managing Director
Min Khit Thit Mining Co., Ltd.

MIN KHIT THIT Mining Company Limited
No.(B/273), Chan Mya Thar Si Qtr, Anauk Myo Pat Street, Taunggyi, Shan State, Myanmar.
Tel: 09-5211963(Myan), 084-6090757, 090-0530559(Thai) Ph/Fax: 084-51218

စာအမှတ်။ ။၂၈/မခသ(စမ)/၂၀၁၇
ရက်စွဲ။ ။၂၀၁၇ခု၊ ဒီဇင်ဘာလ(၆)ရက်။

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

လုပ်ငန်းခွင်သာယာရေးနှင့် လုပ်သားများသက်သာချောင်ချိရေး အစီအစဉ်

"မင်းခေတ်သစ် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်" (Min Khit Thit Mining Company Limited.)သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ မိုင်းဟဲကျေးရွာ အုပ်စု၊ ကွင်းအမှတ်-ကွင်းပြင်(ကျောက်လှိုင်ဂူ)အနီးတွင် (၂၃) မဂ္ဂါဝပ် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းအတွက် လုပ်သားသက်သာ ချောင်ချိရေး အစီအစဉ်ကို အောက်ပါအတိုင်း စီစဉ်ထားပါသည်။

၁။ ဝန်ထမ်းများကို အကြို/ အပို့ မော်တော်ယဉ်များလည်းစီစဉ်ပေးထားမည်ဖြစ်ပါသည်။

၂။ ဝန်ထမ်း ထမင်းစားဆောင်ကိုလည်း တည်ဆောက်ပြီး ထမင်းစားခုံ၊ ကုလားထိုင်၊ ဆပ်ပြာ၊ သန့်ရှင်းရေးသုံးပစ္စည်းများ ဖြည့်ဆည်းပေးပါမည်။

၃။ ရေချိုးခန်းနှင့် အိမ်သာကို အမျိုးသား၊ အမျိုးသမီးခွဲခြားလျှက် အလုံအလောက် တည်ဆောက်ထားရှိမည်ဖြစ်ပါသည်။

၄။ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် သန့်စင်ခန်းများ၊ အမှိုက်ပုံးများထားရှိခြင်း၊ ဟိုတယ်ဝန်းကျင်သန့်ရှင်းမှုရှိစေရန် လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ရေနုတ်မြောင်းများကို တည်ဆောက်၍ သန့်ရှင်းစင်ကြယ်မှုရှိစေရန် အစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ အဆောက်အဦးများတွင် လေဝင်လေထွက်ကောင်းစေရန် စီမံဆောက်ရွက်ထားမည် ဖြစ်ပါသည်။

လေးစားစွာဖြင့်

Sai Won Pun
Managing Director
Min Khit Thit Mining Co., Ltd.

MIN KHIT THIT Mining Company Limited
MIN KHIT THIT
Mining Company Limited
No.(B/273), Chan Mya Thar Si Qtr, Anauk Myo Pat Street, Taunggyi, Shan State, Myanmar.
Tel: 09-5211963(Myan), 084-6090757, 090-0530559(Thai) Ph/Fax: 084-51218

စာအမှတ်။ ။၂၉/မခသ(စမ)/၂၀၁၇
ရက်စွဲ။ ။၂၀၁၇ခု၊ ဒီဇင်ဘာလ(၆)ရက်။

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အခွန်ငွေပေးဆောင်ရန်နှင့် ပတ်သက်၍ကတိဝန်ခံချက်

အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ **"မင်းခေတ်သစ် သတ္တု တူးဖော်ရေး ကုမ္ပဏီလီမိတက်" (Min Khit Thit Mining Company Limited.)**သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု၊ ကွင်းအမှတ်-ကွင်းပြင် (ကျောက်လှိုင်ဂူ)အနီးတွင် (၂၃) မဂ္ဂါဝပ် ကျောက်မီးသွေးသုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံ စီမံကိန်း အတွက် လုပ်ငန်းများလုပ်ကိုင်ရာတွင် ဝန်ထမ်းခန့်ထားရာ၌ တစ်နှစ်လျှင် လစာငွေကျပ် ၄,၈၀၀,၀၀၀/ အထက်ရရှိသောဝန်ထမ်းများ၏ ဝင်ငွေခွန်ကို သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ဝန်ထမ်းများ၏ လစာမှ နုတ်ယူ၍ နိုင်ငံတော်သို့ ပေးဆောင် သွားမည်ဟု ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

Sai Won Pun
Managing Director
Min Khit Thit Mining Co., Ltd.

MIN KHIT THIT Mining Company Limited
No.(B/273), Chan Mya Thar Si Qtr, Anauk Myo Pat Street, Taunggyi, Shan State, Myanmar.
Tel: 09-5211963(Myan), 084-6090757, 090-0530559(Thai) Ph/Fax: 084-51218
MIN KHIT THIT Mining Company Limited

စာအမှတ်။ ၃၀/မခသ(စမ)/၂၀၁၇
ရက်စွဲ။ ။၂၀၁၇ခု၊ ဒီဇင်ဘာလ(၆)ရက်။

သို့
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ ။"မင်းခေတ်သစ် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်" (Min Khit Thit Mining Co., Ltd.)မှ (၂၃)မဂ္ဂါဝပ် ကျောက်မီးသွေးသုံး လျှပ်စစ် ဓာတ်အားပေး စက်ရုံစီမံကိန်း လုပ်ငန်းများဆောင်ရွက်ရာတွင် CSR လျာထားမှု တင်ပြခြင်းကိစ္စ။

အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ကျွန်တော်တို့၏ **"မင်းခေတ်သစ် သတ္တု တူးဖော်ရေး ကုမ္ပဏီလီမိတက်" (Min Khit Thit Mining Co., Ltd.)**သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု၊ ကွင်းအမှတ်-ကွင်းပြင်(ကျောက်လှိုင်ဂူ)အနီးတွင် (၂၃) မဂ္ဂါဝပ် ကျောက်မီးသွေးသုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် **CSR (Corporate Social Responsibility)** အတွက် **Net Profit** ၏ (၂%)ကို အောက်ဖော်ပြပါလုပ်ငန်းများတွင် သုံးစွဲသွား မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(၁) ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် (၂၀%)

(၂) ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် (၂၀%)

(၃) လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် (၂၀%)

(၄) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများအတွက် (၂၀%)

(၅) ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် (၂၀%)

လေးစားစွာဖြင့်

Sai Won Pun
Managing Director
Min Khit Thit Mining Co., Ltd.

KANBAWZA BANK LTD
TCL
Branch

KANBAWZA BANK
TACHILEIK BRANCH
1/2, CHERRY ROAD,
TARLOT QTR,TARCHILEIK
Ph:(084)51805-06,
Fax:(084)53500-01,51802-03-04

Date : 25 July, 2017

ACCOUNT NO. : 00130400103569201 (MMK)
NAME : MIN KHIT THIT MINING COMPANY LIMITED
NRC : , 13/KATANA(N)024660,
ADDRESS : KHA-273,WEST CIRCULAR RD,CHAN MYA THAR SI QTR , ,
TGI ,

PHONE : KHA-273,WEST CIRCULAR RD,CHAN MYA THAR SI QTR,

Statement Of Transaction For The Date Between 01/06/2017 and 25/07/2017

Date Time	Description	Debit	Credit	Balance
01/06/2017	Opening Balance ------			700,137,434.82
30/06/2017	By Transfer - Interest Post Credit Customer - ------		14,495,334.59	714,632,769.41
25/07/2017	Closing Balance			714,632,769.41

No. of Debit	: 0	Debit Total	0.00
No. of Credit	: 1	Credit Total	14,495,334.59

Thank You For Banking With TACHILEIK BRANCH

Please report any discrepancies found on your statement immediately.
N.B – Statement will not be sent unless there is a change of transaction.


25/7/2017
Asst: / DY Manager
Manager
Kanbawza Bank Ltd
Tachileik.


Without Reversal


Tentative Project Time Schedule

10 MW x 2 Coal Power Plant Project Tachileik

ID	DESCRIPTION	Dur (day)	Start Date	Finish Date
1	Site Preparation and civil work	570	30/6/2016	30/12/2017
2	ESIA proposal and approved	1	20/2/2017	20/2/2017
3	MIC proposal and approved	120	1/6/2017	1/10/2017
4	Bid Submission	1	1/3/2017	1/3/2017
5	LOI to successful bidder	1	1/4/2017	1/4/2017
6	EPC Contractor Finalization	43	20/3/2017	1/5/2017
7	Engineering	215	1/5/2017	1/12/2017
8	Equipment Manufacturing & Delivery	570	1/7/2017	1/2/2019
	Boiler	427	1/8/2017	1/10/2018
	Turbine and Generator	335	1/9/2017	1/8/2018
	Electrical	245	15/4/2018	15/12/2018
	Control System(DCS)	246	1/6/2018	1/2/2019
	Balance of plant	458	1/11/2017	1/2/2019
9	Construction & Installation	547	1/11/2017	1/5/2019
10	Commissioning & Performance Test	182	1/11/2018	1/5/2019
11	Commercial Operation Date (COD)	1	1/6/2019	1/6/2019




Coal yard
Guard house
Canteen building
Office building
Operator house
Manager house
Stack
ESP
Boiler 2 units
Transformer
Turbine building
Demin & Service
water tank
Water treatment
plant building
7 Days storage building
Raw water pond
Cooling Tower
Raw water reservoir
Holding pond
Evaporation pond
Crusher house
Coal conveyor


Raw water intake
pump house
7 Days Storage building
Water treatment plant building
Cooling Tower
Stack
ESP
Boiler 2 Units
Turbine building
Raw water pond
Manager house
Operator house

နိုင်ငံသား စိစစ်ရေး ကတ်ပြား

အမှတ် --- [illegible]

အရပ် --- [illegible]

သွေးအုပ်စု --- [illegible]

ထင်ရှားသည့် အမှတ်အသား --- [illegible]



ရက်စွဲ --- [illegible]

အမည် --- [illegible]

ဖခင်၏အမည် --- [illegible]

မွေးသက္ကရာဇ် --- [illegible]

လူမျိုး --- [illegible]

ကိုးကွယ်သည့်ဘာသာ --- [illegible]

ထုတ်ပေးသူအရာရှိလက်မှတ်

အမည် --- [illegible]

ရာထူး --- [illegible]



သက်သေခံကတ်ပြားအမှတ် --- [illegible]

အလုပ်အကိုင် --- [illegible]

နေရပ်လိပ်စာ --- [illegible]

ထိုးမြဲလက်မှတ် --- [illegible]

မှတ်ချက်။ (၁) ခရီးသွားသည့်အခါ တစ်ပါတည်း ယူဆောင်သွားရမည်။

(၂) ပျောက်ဆုံး ပျက်စီးသည့်အခါ သက်ဆိုင်ရာ ပြည်သူ့ရဲစခန်း၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး ဌာနမှူးရုံး ထံသို့ သတင်းပေးပို့ရမည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား



အမှတ် ၂၅၂၆၇၇

ရက်စွဲ ၄.၁၁.၂၀၁၁

အမည် မောင်စိုင်းဝန်းလှပန်

ဖခင်အမည် ဦးစိုင်းဝန်းပန်........

မွေးသက္ကရာဇ် ၂၀.၁၀.၁၉၉၃....

လူမျိုး/ဘာသာ ဗမာရှမ်း/ဗုဒ္ဓဘာသာ

အရပ် ၅' ၇" ..... သွေးအုပ်စု အေဘီ

ထင်ရှားသည့်အမှတ်အသား ယာမျက်လုံး..

.........................ဘေးအမာရွတ်ရှိ......

....

ထုတ်ပေးသူလက်မှတ်

အမည် ....

ရာထူး ....

အမှတ်စဉ် R519756

သွေးသတ်သေခံကတ်ပြားအမှတ် ....

[redacted]

အလုပ်အကိုင် ......ကျောင်းသား....

နေရပ်လိပ်စာ [illegible](၃)၊ [illegible]မြို့

ပတ်လမ်း၊ချမ်းမြသာစည်ရပ်

ကိုင်ဆောင်သူလက်မှတ် .... ကောင်းကြီး၊

[redacted] [illegible]

[redacted] ပျောက်ဆုံးသည့်အခါ [illegible] ကြားကြပ်ရေး

နှင့် [illegible] သတင်းပို့ရမည်၊

၄။ ဤလက်မှတ်ကို အသက်(—)နှစ်ပြည့်လျှင် လဲလှယ်ရမည်။ ပျက်ကွက်ပါက

အရေးယူခြင်းခံရမည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား



အမှတ် ၉/မ ... ၀၁၄၃၁၈

ရက်စွဲ ၁၁.၉.၂၀၁၁

အမည် ဦးဝင်းလှိုင်ဦး

အဘအမည် ဦးဝင်းမြိုင်

မွေးသက္ကရာဇ် ၂၀.၇.၁၉၆၀

လူမျိုး/ဘာသာ ဗမာ/ဗုဒ္ဓ

အရပ် ၅'၆" သွေးအုပ်စု 'အော်'

ထင်ရှားသည့်အမှတ်အသား ပါးစပ်ဘေး မှဲ့မှဲ့


ကိုင်ဆောင်သူလက်မှတ်

အမည်

ရာထူး

အမှတ်စဉ် S 898158

သက်ဆိုင်သည့်အမှတ် PTA-၀၅၈၅၇၀



အလုပ်အကိုင် ကုန်သည်

နေရပ်လိပ်စာ ၁၀၄ ဦး[illegible]လမ်း [illegible] [illegible] [illegible]မြို့

ကိုင်ဆောင်သူလက်မှတ်

၁။ ဤကတ်ပြားကို အမြဲဆောင်ထားရမည်။

၂။ ပျောက်ဆုံး ပျက်စီးသည့်အခါ သက်ဆိုင်ရာ ရဲစခန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးသို့ အကြောင်းကြားရမည်။

၃။ ဤလက်မှတ်ကို အသက်(—)နှစ်ပြည့်လျှင် လဲလှယ်ရမည်။ ပျက်ကွက်ပါက အရေးယူခြင်းခံရမည်။ ဆီရှ။



နိုင်ငံသားစိစစ်ရေးကတ်ပြား

အမှတ် ၇၃/တကလ၃(နိုင်)၀၀၈၅၁၄

ရက်စွဲ ၃-၆-၂၀၀၃

အမည် စိုင်းဆင်ကျိုင်း

ဖခင်အမည် ဦးရှန့်ခမ်း

မွေးသက္ကရာဇ် ၂၄-၁၁-၁၉၈၄

လူမျိုး/ဘာသာ ရှမ်း၊ ဗုဒ္ဓဘာသာ

အရပ် ၅'၆" သွေးအုပ်စု အို

ထုတ်ပေးသူ၏လက်မှတ်

အမည် ..... ထင်ရှားသည့်အမှတ်အသား ဝဲပါးက မှဲ့

ရာထူး လူဝင်မှုကြီးကြပ်ရေးမှူး ..... ကောက်မှဲ့(၇)ဖို

အမှတ်စဉ် S187012

သက်[redacted]ိုးအမှတ်

အလုပ်အကိုင် ကျောင်း၊ အဝယ်

နေရပ်လိပ်စာ ဝမ်ဆီ၊ နားဟောင်း၊ ရပ်ကွက်(၂)၊ တာချီလိတ်မြို့


ထိုးမြဲလက်မှတ်

Zai Sing Jou

[redacted]အမြဲဆောင်ထားရမည်။

၂။ [redacted]ပျောက်ဆုံးသည့်အခါ သက်ဆိုင်ရာ ရဲစခန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ သတင်းပို့ရမည်။

၃။ ဤလက်မှတ်ကို အသက်(—)နှစ်ပြည့်လျှင် လဲလှယ်ရမည်။ ဖျက်ကွက်ပါက အရေးယူခြင်းခံရမည်။



ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ၊ မိုင်းဟဲကျေးရွာအုပ်စု ၊ ကျောက်လှိုင်ဂူ အနီး ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းမှထွက်ရှိသော လျှပ်စစ် ဓာတ်အားကို ဖြန့်ဖြူးရောင်းချရန်အတွက် ချုပ်ဆိုမည့် ဓာတ်အားဝယ်ယူရေးစာချုပ် (P.P.A)

ဤဓာတ်အားဝယ်ယူရေးစာချုပ်ကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ( )ရက်နေ့တွင် ဦးတင်ဝင်းရွှေ (ဥက္ကဋ္ဌ ၊ မြို့နယ်မီးလင်းရေးကော်မတီ၊ တာချီလိတ်)ကိုယ်စားပြုသော တာချီလိတ်မြို့နယ်မီးလင်းရေး ကော်မတီ (နောင်တွင် " ဓာတ်အားဝယ်ယူသူ "ဟု ရည်ညွှန်းခေါ်ဆို မည်ဖြစ်ပြီး၊ ယင်းစကားရပ်တွင် ၎င်းအား ဆက်ခံသူများ၊ ဥပဒေအရလွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) ကတစ်ဖက်

နှင့်

ဦးမောင်မောင်(ခ)ဦးစိုင်းဝန်းပန် ၊ အုပ်ချုပ်မှုဒါရိုက်တာကိုယ်စားပြုသော မင်းခေတ်သစ်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် (နောင်တွင် **"ဓာတ်အားရောင်းချသူ"**ဟု ခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအား ဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ဥပဒေအရလွှဲအပ်ခြင်းခံရသူများ ပါဝင်သည်)က အခြားတစ်ဖက် တို့သည် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ကြရန်အတွက် နှစ်ဦးနှစ်ဖက် ရေးသား ချုပ်ဆိုကြပါသည်။


အပိုင်း -၁

ရည်ရွယ်ချက်

၁-၁ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု၊ ကျောက်လှိုင်ဂူအနီး ကျောက်မီးသွေး သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ၊ ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း (၁၀ မဂ္ဂါဝပ် × စက် ၂ လုံး) ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီး ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို တာချီလိတ်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများကို ဖြန့်ဖြူးရောင်းချပေးမည် ဖြစ်ပါသည်။

၁-၂ တာချီလိတ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာသော ဓာတ်အားကို ဖြန့်ဖြူး ရောင်းချပေးခြင်းဖြင့် တာချီလိတ်မြို့ရှိ စက်မှုလက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ပြီး၊ ဒေသခံပြည်သူလူထု၏ လူသားအရင်းအမြစ်များသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ နောင်တွင် ထိုင်းနိုင်ငံမှ ဓာတ်အားဝယ်ယူသုံးစွဲမှုကိုလည်း တဖြည်းဖြည်းလျော့ချ သွားနိုင်မည် ဖြစ်ပါ သည်။

၁-၃ တာချီလိတ်မြို့နယ်နှင့် အနီးတဝိုက်မှ ထွက်ရှိသော ကျောက်မီးသွေးကို အသုံးပြုခြင်းကြောင့် ဓာတ်အားခနှုန်းထားတူညီသော်လည်း မိမိနိုင်ငံသားပိုင်လုပ်ငန်းဖြစ်သဖြင့် တစ်ဖက်နိုင်ငံအား မှီခိုမှု လျော့ချနိုင်သဖြင့် ပြည်သူလူထုနှင့် နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်စေပါသည်။



၁-၄ တာချီလိတ်မြို့နှင့် အနီးတဝိုက်ကျေးရွာများမှ လျှပ်စစ်ဓာတ်အားသုံးစွဲရန် (၁၀)မဂ္ဂါဝပ် စက် (၂)လုံး အပြင် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် (၁၀)မဂ္ဂါဝပ် စက် (၁)လုံးကို တိုးချဲ့တပ်ဆင်မည် ဖြစ်ပါသည်။

အပိုင်း -၂
အဓိပ္ပါယ်ဖွင့်ဆိုချက်

၂-၁ **မီးလင်းရေးကော်မတီ** ဆိုသည်မှာ ခရိုင်အတွင်းနေထိုင်သည့် ပြည်သူများ၏ အဆောက်အဦ၊ အစိုးရဌာနနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦအတွင်း မီးရရှိရေးအတွက် ဆောင်ရွက်ပေးသည့် ကော်မတီကို ဆိုသည်။ တာချီလိတ်ခရိုင်မီးရရှိရေး စီမံခန့်ခွဲရေးကော်မတီသည် ခရိုင်မီးလင်းရေး ကော်မတီ ဖြစ်သည်။ ယင်းကော်မတီ၏ ဥက္ကဋ္ဌသည် တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဖြစ်သည်။


၂-၂ **ဓာတ်အားဝယ်ယူသူ** ဆိုသည်မှာ တာချီလိတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု၊ ကျောက်လှိုင်ဂူကျေးရွာ အနီး ကျောက်မီးသွေးသုံးဓာတ်အားပေး စက်ရုံစီမံကိန်းမှ ထွက်ရှိလာမည့်ဓာတ်အားကို ဝယ်ယူသည့် အဖွဲ့ကို ဆိုသည်။ မီးလင်းရေးကော်မတီသည် ဓာတ်အားဝယ်ယူသူ ဖြစ်သည်။

၂-၃ **ဓာတ်အားရောင်းချသူ** ဆိုသည်မှာ တာချီလိတ်မြို့နယ်မိုင်းဟဲကျေးရွာအုပ်စု၊ ကျောက်လှိုင်ဂူကျေးရွာ အနီး ကျောက်မီးသွေးသုံးဓာတ်အားပေး စက်ရုံစီမံကိန်းမှ ဓာတ်အားထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချ ခြင်း စသည့်လျှပ်စစ်ဆိုင်ရာလုပ်ငန်းအဝဝကို ဆောင်ရွက်သည့်ကုမ္ပဏီကို ဆိုသည်။ မင်းခေတ်သစ် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ဓါတ်အားရောင်းချသူ ဖြစ်သည်။

၂-၄ **လျှပ်စစ်ဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားနှင့် စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း၊ ဖလှယ်ခြင်း၊ ဓာတ်အားစနစ်ကွပ်ကဲခြင်း၊ လျှပ်စစ်စမ်းသပ်စစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်း စစ်ဆေးခြင်းများကို ဆိုသည်။

၂-၅ **ဒေသဆိုင်ရာလျှပ်စစ်ဓာတ်အားစနစ်** ဆိုသည်မှာ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်မှု မရှိဘဲ နယ်နိမိတ်တစ်ခုအတွင်း၌ သီးခြားဆက်သွယ်မှုတစ်ခုအဖြစ် ဓာတ်အားပေးနေသော လျှပ်စစ်ဓာတ်အား စနစ်ကို ဆိုသည်။

၂-၆ **စာချုပ်ဝင်များ** ဆိုသည်မှာ ဤဓာတ်အားရောင်းဝယ်ရေးစာချုပ်တွင် ခေါ်ဝေါ်သုံးစွဲသည့် "ဓာတ်အားဝယ်ယူသူ" နှင့် "ဓာတ်အားရောင်းချသူ" တို့အား ရည်ညွှန်းဖော်ပြသည့် စကားရပ် ဖြစ်သည်။



အပိုင်း -၃

စာချုပ် ချုပ်ဆိုခြင်း

၃-၁ ၁၉-၂-၂၀၁၅ ရက်နေ့တွင် တာချီလိတ်ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အား ပေးစက်ရုံ စီမံကိန်း၏ ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ချုပ်ဆိုသည့် သဘောတူညီမှုစာချုပ် **(MOA)**၏ စာပိုဒ်နံပါတ် ၁၂၊ အပိုင်း (၁၃)အရ စာချုပ် ချုပ်ဆိုခြင်းဖြစ်သည်။

အပိုင်း - ၄

ကိုယ်စားပြုခြင်းနှင့် အာမခံခြင်း

၄-၁ ဤဓာတ်အားရောင်းဝယ်ရေးစာချုပ် ချုပ်ဆိုကြသော စာချုပ်ဝင်များသည် ဤစာချုပ်ကို ချုပ်ဆိုရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ စာချုပ် ချုပ်ပိုင်ခွင့်ရှိကြောင်း၊ လုပ်ပိုင်ခွင့် အခွင့်အာဏာရှိကြောင်း၊ ဓာတ်အားရောင်းချသူသည် စီးပွားရေးအရ ခိုင်မာတောင့်တင်းမှုရှိကြောင်းနှင့် ဓာတ်အားဝယ်ယူသူသည် ဓာတ်အားဖြန့်ဖြူးမှု စနစ်ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်သူဖြစ်ကြောင်း အသီးသီးကိုယ်စားပြု အာမခံကြသည်။

အပိုင်း -၅

စာချုပ်သက်တမ်း

၅-၁ ဤဓာတ်အားရောင်းဝယ်ရေးစာချုပ်၏ အခြေခံသက်တမ်းမှာ တာချီလိတ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံမှ စတင်ဓာတ်အားထုတ်လုပ်သော နေ့ရက်မှသည် ဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်ပေးနိုင်သည့် အနည်းဆုံး သက်တမ်းကာလနှစ် (၃၀)အထိဖြစ်သည်။


၅-၂ ဤဓာတ်အားဝယ်ယူရေးစာချုပ်ကို (၅)နှစ်တစ်ကြိမ် အပိုဒ် (၅-၁)နှင့်အပိုဒ် (၅-၃)ကို အခြေပြု၍ သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်။

၅-၃ ဤဓာတ်အားရောင်းဝယ်ရေးစာချုပ် ချုပ်ဆိုရာတွင် စာချုပ်သက်တမ်း၊ ဓာတ်အားဝယ်ယူမည့် ပမာဏ၊ ဓာတ်အားခနှုန်းထား၊ ခိုင်ကြေး (**Royalty Fees**) စသည်တို့ကို စာချုပ်ဝင်များ ညှိနှိုင်း၍ ပြင်ဆင်ချုပ်ဆိုမည်ဖြစ်သည်။

အပိုင်း -၆

ဓာတ်အားရောင်းချသူ၏တာဝန်များ

၆-၁ ဓာတ်အားရောင်းချသူသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု၊ ကျောက်လှိုင်ဂူကျေးရွာအနီး ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်း၊ (၂၀မဂ္ဂါဝပ်)



(၁၀မဂ္ဂါဝပ်၊စက် (၂)လုံး) ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းနှင့် ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ရမည်။

၆-၂ ဓာတ်အားရောင်းချသူသည် စက်ရုံမှထုတ်လုပ်သည့်ဓာတ်အားကို ဓာတ်အားဝယ်ယူသူသို့ ပို့လွှတ်သည့်အချိန်၌ တာချီလိတ်မြို့၊ ဓာတ်အားသုံးစွဲသည့်စနစ်နှင့် ကိုက်ညီချိတ်ဆက်နိုင်သော ဗို့အားအဆင့်ဖြင့် ဓာတ်အားလိုင်း တည်ဆောက်ခြင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၆-၃ ဓာတ်အားပေးစက်ရုံ လည်ပတ်မောင်းနှင်သည်နှင့် တာချီလိတ်မြို့၏ လက်ရှိဓာတ်အား သုံးစွဲနေမှုအားတစ်စုံတစ်ရာ ပြုပြင်ပြောင်းလဲရန်မလိုဘဲ ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်အောင် ဆောင်ရွက်ရမည်။

၆-၄ ဓာတ်အားရောင်းချသူသည် ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးသူဖြစ်ရာ ပထမစက်ရုံတစ်လုံးသည် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်တွင်လည်းကောင်း၊ ဒုတိယစက်တစ်လုံးသည် ၂၀၁၈ ခုနှစ်၊ မတ်လ (၁)ရက်တွင်လည်းကောင်း အပြီးသတ် စီးပွားဖြစ်မောင်းနှင် ဓာတ်အားထုတ်လုပ်မည် ဖြစ်ပါသည်။


၆-၅ ဓာတ်အားရောင်းချသူသည် အပိုဒ် ၆-၄ ပါ အရ ဓာတ်အားဝယ်ယူသူထံသို့ 22 (kilo Volt) လျှပ်စစ်ဓာတ်အား၊ (18)Mega Wattu ကို ရောင်းချမည်ဖြစ်ပါသည်။

၆-၆ ဓာတ်အားခွဲရုံ (Substation)တွင် တပ်ဆင်ထားသော ဓာတ်အားပို့လွှတ်ပြ ကီလိုဝပ်နာရီ မီတာသည် ဓာတ်အားဝယ်ယူသူဘက်မှတစ်စုံနှင့် ဓာတ်အားရောင်းချသူဘက်မှ တစ်စုံတို့အား နှစ်ဦးသဘောတူ လက်ခံသော မီတာအမျိုးအစားကို တပ်ဆင်ပါမည်။

၆-၇ ဓာတ်အားရောင်းချသူသည် ဓာတ်အားပို့လွှတ်သည့်ယူနစ်ပမာဏကို ဓာတ်အားရောင်းချသူမှ အသစ် တည်ဆောက်မည့် ဆန်ဆိုင်းရပ်ကွက်၊ တိုးနယားအိမ်ယာအနီး၊ ဓာတ်အား ဖြန့်ဖြူးမည့် ဓာတ်အားခွဲရုံ (Substation)ရှိ ဝယ်ယူသူ၏ (Main Meter)မှ ဖတ်ရှုကောက်ခံရန် ဖြစ်ပါသည်။

၆-၈ လစဉ်ဓာတ်အားပို့လွှတ်ကီလိုဝပ်နာရီ သို့မဟုတ် ယူနစ်အတွက် ငွေတောင်းခံခြင်းကို ဓာတ်အားရောင်းချသူသည် လ၏ပထမအပတ်တွင် ဓာတ်အားဝယ်ယူသူထံသို့ ပေးပို့မည်ဖြစ်ပြီး ကျသင့်ငွေကို အဆိုပါလ၏ ၂၅ ရက်နေ့ နောက်ဆုံးထား၍ ဓာတ်အားဝယ်ယူသူမှ ဓာတ်အားရောင်းချသူထံ (သဘောတူညီပြီးဖြစ်သည့်ဘဏ်နှင့် ငွေစာရင်းအမှတ်) သို့ ပေးချေရပါမည်။

၆-၉ နောင်နှစ်များတွင် ဓာတ်အားဝယ်ယူသူ၏ ဓာတ်အားလိုအပ်ချက်အရ တိုးမြှင့်၍ ဓာတ်အား ထုတ်လုပ်ရောင်းချမည်ဖြစ်ပါသည်။



၆-၁၀ ဓာတ်အားရောင်းချသူသည် အပိုဒ် ၆-၇ တွင် ဖော်ပြချက်အရ (Substation Main Meter)မှ တစ်လအတွင်း ထုတ်လုပ်သောယူနစ်ကို ထုတ်လုပ်ပို့လွှတ်သည့် မီတာမှဖတ်ယူ၍ တစ်ကီလိုဝပ်နာရီ သို့မဟုတ် တစ်ယူနစ်လျှင် အဆိုပါတောင်းခံသည့်လ၏ (၂၅)ရက်နေ့ ဒေသပေါက်ဈေးနှုန်းဖြင့် ဒေသသုံးစွဲငွေ (၄. ၅၀)ဘတ်နှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ဓာတ်အားဝယ်ယူသူသို့ ရောင်းချပေးပါမည်။

၆-၁၁ ဓာတ်အားရောင်းချသူသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သတ်မှတ်သည့်ဘဏ်နှင့် ငွေစာရင်း အမှတ်သို့ ခိုင်ကြေး (Royalty Fees)အဖြစ် တစ်ကီလိုဝပ်နာရီ သို့မဟုတ် တစ်ယူနစ်လျှင် ၂ ရာခိုင်နှုန်းဖြင့် အပိုဒ် (၆-၈)ပါ တစ်လထုတ်လုပ်ရောင်းချသော ကီလိုဝပ်နာရီ သို့မဟုတ် ယူနစ်ပမာဏကို အခြေခံတွက်ချက်ပြီး လ၏ (၂၅)ရက်နေ့တွင် ပေးဆောင်ပါမည်။

၆-၁၂ ဓာတ်အားရောင်းချသူသည် ဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်သူဖြစ်ရာ ပုံမှန်အားဖြင့် ဓာတ်အားပေးစက်ရုံ ပြုပြင်ထိန်းသိမ်းရန်ကိစ္စရပ်များ ဆောင်ရွက်သည့်အခါ ဓာတ်အား ပေးမှု လျှော့နည်းနိုင်သဖြင့် ဓာတ်အားဝယ်ယူသူသို့ (၃)ရက်ကြိုတင် ညှိနှိုင်းဆောင်ရွက်သွားရမည်။

၆-၁၃ ဓာတ်အားရောင်းချသူသည် ရှမ်းပြည်နယ်အစိုးရနှင့် ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့၏ ညွှန်ကြားချက်များအရလည်းကောင်း၊ စီမံကိန်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan) အရ ဖွဲ့စည်းထားသော ကော်မတီ၏ အနီးကပ်ကြပ်မတ်မှုဖြင့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင် သက်ရောက်မှုများကို ဆောင်ရွက်ပါမည်။

၆-၁၄ ဓာတ်အားရောင်းချသူသည် ရှမ်းပြည်နယ်အစိုးရနှင့် တာချီလိတ်ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်/ခရိုင်နှင့် မြို့နယ်စီမံကိန်းဦးစီးမှူးများတို့အား ဓာတ်အားရောင်းချမှု အစီရင်ခံစာကို ဓာတ်အားဝယ်ယူရေးစာချုပ် စတင်သည်မှ (၃)လတစ်ကြိမ် ပေးပို့တင်ပြရမည်ဖြစ်ပြီး၊ မြို့နယ်မီးလင်းရေးကော်မတီသို့ အစီရင်ခံစာမိတ္တူအား ပေးပို့ရမည်။

၆-၁၅ ဓာတ်အားရောင်းချသူသည် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်မှအပ လျှပ်စစ် ဓာတ်အားဖြတ်တောက်မှုများ အကြောင်းမဲ့မပြုလုပ်ရ။

၆-၁၆ ဓာတ်အားရောင်းချသူသည် ဓာတ်အားပေးစက် (၂)လုံးဖြင့် မောင်းနှင် ဓာတ်အားပေးထားစဉ် အရေးပေါ်စက် (၁)လုံး ချို့ယွင်းပါက အရံစက် (၁)လုံးဖြင့် အစားထိုးမောင်းနှင် ဓာတ်အားပေးသွားပါမည်။

၆-၁၇ ဓာတ်အားရောင်းချသူသည် ဓာတ်အားပို့လွှတ်မှုစနစ်အား ပြီးပြည့်စုံစွာဆောင်ရွက်၍ ပို့လွှတ် ရမည်။ နည်းပညာပိုင်းဆိုင်ရာ အားနည်းမှုကြောင့် ဓာတ်အားဝယ်ယူသူ၏ ဓာတ်အားဖြန့်ဖြူးခြင်း ဆိုင်ရာ လျှပ်စစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်လာပါက ဆုံးရှုံးမှုတန်ဖိုးကို ဓာတ်အား ရောင်းချသူမှ ပေးလျော်ပါမည်။

အပိုင်း -၇
ဓာတ်အားဝယ်ယူသူ၏ တာဝန်များ

၇-၁ ဓာတ်အားဝယ်ယူသူသည် တာချီလိတ်မြို့၏ ဓာတ်အားစနစ်အတွင်း တိုးချဲ့တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်းကိစ္စရပ်များအတွက် ဓာတ်အားပိတ်ရန်လိုအပ်ပါက ဓာတ်အားရောင်းချသူသို့ (၂၄)နာရီ ကြိုတင်ညှိနှိုင်းရမည်။ ဓာတ်အားရောင်းချသူမှ (၂၄)နာရီထက်ကျော်လွန်၍ အကြီးစား ပြင်ဆင်လိုပါက မြို့နယ်မီးလင်းရေးကော်မတီသို့ (၁၄)ရက်ကြိုတင်၍ အကြောင်းကြားရန်ဖြစ်သည်။

၇-၂ ဓာတ်အားဝယ်ယူသူသည် အကြောင်းအားလျော်စွာ ရာသီဥတုကြောင့်လည်းကောင်း၊ မတော်တဆဖြစ်ရပ်များကြောင့် အရေးပေါ်ဓာတ်အား ပြတ်တောက်မှုဖြစ်ပေါ်ပါက ဓာတ်အားရောင်းချသူသို့ ဖြစ်ပျက်မှုအကြောင်းအရာအား ချက်ချင်းအကြောင်းကြားခြင်းနှင့် ဓာတ်အား အဖွင့်၊ အပိတ်အချိန်နှင့် ဓာတ်အားပမာဏတို့ကို ညှိနှိုင်းဆောင်ရွက်ရမည်။

၇-၃ ဓာတ်အားဝယ်ယူသူသည် မမျှော်မှန်းနိုင်သောကိစ္စမှအပ ဓာတ်အားဖြန့်ဖြူးခြင်းကိစ္စနှင့် စပ်လျဉ်း၍ (၂၄)နာရီထက် ကျော်လွန်ပြီး ဓာတ်အားပိတ်ထားရခြင်း အခြေအနေများဖြစ်ပေါ်ပါက ဓာတ်အားရောင်းချသူသို့ လုပ်ငန်းမဆောင်ရွက်မီ (၃)ရက်ကြိုတင်၍ ညှိနှိုင်းပြီးမှ ဆောင်ရွက်ရမည်။


၇-၄ ဓာတ်အားဝယ်ယူသူသည် အပိုဒ် (၆-၇)ပါ ဖော်ပြချက်အရ ဓာတ်အားရောင်းချသူနှင့် နှစ်ဦးသဘောတူဆောင်ရွက်ရမည်။

၇-၅ ဓာတ်အားဝယ်ယူသူသည် ဓာတ်အားရောင်းချသူသို့ အပိုဒ် (၆-၈)ပါ ဖော်ပြချက်အရ ကျသင့်ငွေကို ပေးချေရမည်။

၇-၆ ဓာတ်အားဝယ်ယူသူသည် အပိုဒ် (၆-၁၂)ပါ ဖော်ပြချက်အရ ညှိနှိုင်းဆောင်ရွက်ပါမည်။

အပိုင်း- ၈
စာချုပ် စတင်အကျိုးသက်ရောက်မှု

၈။ စာချုပ်စတင်အကျိုးသက်ရောက်သည့် နေ့ရက်သည် ဓာတ်အားပေးစက်ရုံ တရားဝင်လည်ပတ်သည့်နေ့မှစ၍ စတင်သည်။



အပိုင်း - ၉
စာချုပ်ရပ်စဲခြင်း

၉.၁ ဤနားလည်မှုစာချွန်လွှာကို အောက်ဖော်ပြပါ အချက်အလက်များအနက် တစ်ခုခုဖြစ်ပေါ် လာပါက မည်သည့်ဖက်ကမဆို ရက်ပေါင်း (၉၀) ကြိုတင်အသိပေးပြီး စာချုပ်ရပ်စဲနိုင်သည်-

(၁) **မီးသွယ်တန်းမှုမစတင်မီကာလ**
- (က) သဘာဝပတ်ဝန်းကျင်/လူမှုရေးထိခိုက်မှု ဆန်းစစ်ချက်များအရ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း မရှိကြောင်း တွေ့ရှိခြင်း။
- (ခ) စီမံကိန်းအကောင်အထည်ဖော်သူမှ စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက် နိုင်မှုမရှိခြင်း။

(၂) **မီးသွယ်တန်းတပ်ဆင်ပြီးကာလ**
- (က) သဘာဝပတ်ဝန်းကျင်/လူမှုရေးထိခိုက်မှု ဆန်းစစ်ချက်များအရ ဓာတ်အားပေးစက်ရုံ စီမံကိန်း ဆက်လက်လည်ပတ်နိုင်စွမ်းမရှိကြောင်း တွေ့ရှိခြင်း။
- (ခ) စီမံကိန်းအကောင်အထည်ဖော်သူမှ စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက် နိုင်မှုမရှိခြင်း ။
- (ဂ) မလွန်ဆန်နိုင်သောဖြစ်ရပ် တစ်ခုခုပေါ်ပေါက်လာပါက ရက်ပေါင်း (၉၀)ကာလနှင့်အထက် ဆက်တိုက် ဖြစ်ပွားနေခြင်းကြောင့် ဤစာချုပ်ပါအချက်များအား လိုက်နာဆောင်ရွက်ရန် မဖြစ်နိုင်တော့ခြင်း။
- (ဃ) တစ်ဖက်ဖက်မှ စာချုပ်ပါစည်းကမ်းချက်များအား ဖောက်ဖျက်ခြင်း။

၉.၂ စာချုပ်ဝင်နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်ရယူ၍ ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် ရပ်စဲနိုင်သည်။

၉.၃ ဤစာချုပ်ကို ရပ်စဲခြင်းအားဖြင့် စာချုပ်ပါ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ၊ လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းဆောင်ရွက်ရန် အချက်အလက်များအားလုံး၊ လုံးဝပြီးပြတ်ပြီးဖြစ်သည် ဟု မှတ်ယူရမည်။

အပိုင်း -၁၀
စာချုပ်အား လွှဲပြောင်းခြင်း

၁၀။ နှစ်ဦးနှစ်ဖက်ကြိုတင် သဘောတူညီခွင့်ပြုချက်မရဘဲ ဤစာချုပ်ပါ သဘောတူသည့်လုပ်ငန်း အားလုံး ကိုဖြစ်စေ၊ လုပ်ငန်းတစ်စိတ်တစ်ဒေသကိုဖြစ်စေ တစ်ဖက်စာချုပ်ဝင်ထံမှ တတိယပုဂ္ဂိုလ် (Third Party) အား လွှဲပြောင်းခြင်း၊ အပ်နှံဆောင်ရွက်ခြင်းတို့ကို မပြုလုပ်ရန်။

အပိုင်း - ၁၁
စာချုပ်အား ပြင်ဆင်ဖြည့်စွက်ခြင်း

၁၁။ ဤစာချုပ်အား စာချုပ်ဝင်များ၏ နှစ်ဖက်စာဖြင့် သဘောတူညီမှုမပါဘဲ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း လုံးဝမပြုလုပ်ရ။ ဤသဘောတူစာချုပ်အား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ သည် စာချုပ်ဝင်များ၏ နှစ်ဖက်စာဖြင့် သဘောတူညီမှသာလျှင် အတည်ဖြစ်စေရမည်။

အပိုင်း -၁၂
မလွန်ဆန်နိုင်သောဖြစ်ရပ်များ

၁၂.၁ မလွန်ဆန်နိုင်သောဖြစ်ရပ်များ ဆိုသည်မှာ သဘာဝအလျှောက်ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး ၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းဝပ်ပိပြားမှု ပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင်တစ်ဖက်ဖက်က လိုအပ်သောသတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန်မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး ၊ ယင်းမလွန်ဆန်နိုင်သောဖြစ်ရပ် များကြောင့် ဓာတ်အားဝယ်ယူရေး စာချုပ် Power Purchase Agreement (P.P.A)ပါ လုပ်ငန်းစဉ် များကို ထိခိုက်ဆုံးရှုံးစေလျှင် ဓာတ်အားရောင်းချသူသည် ဓာတ်အားဝယ်ယူသူသို့ နစ်နာဆုံးရှုံး မှုအတွက် လျော်ကြေးတောင်းပိုင်ခွင့် မရှိစေရ။

၁၂.၂ ထိုသို့မလွန်ဆန်နိုင်သော ဖြစ်ရပ်ပေါ်ပေါက်လာပါက၊ ယင်းဖြစ်ရပ်ဖြစ်ပေါ်သည့်အချိန်မှ (၁၄) ရက်အတွင်း စီမံကိန်းအကောင်အထည်ဖော်သူသည် စီမံကိန်းအကောင်အထည်ဖော်ခွင့် ပြုသူသို့ ချက်ချင်းစာဖြင့် ရေးသားအကြောင်းကြားရမည်။ စီမံကိန်းအကောင်အထည် ဖော်ခွင့်ပြုသူက လက်ခံ အတည်ပြုလျှင် မလွန်ဆန်နိုင်သောဖြစ်ရပ်ပျောက်ပြီး ၊ လုပ်ငန်းနှင့် တိုက်ရိုက်သက်ဆိုင်သော ဖြတ်တောက်ကာလ အပိုင်းအခြားအတွက် စီမံကိန်းအကောင် အထည်ဖော်သူ၏ တာဝန်ကို သက်သာ ခွင့်ပြုနိုင်သည်။

အပိုင်း -၁၃
အငြင်းပွားမှုကိုဖြေရှင်းခြင်း

၁၃.၁ ဤသဘောတူစာချုပ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။

၁၃.၂ ထိုသို့ဖြေရှင်း၍မရပါက တည်ဆဲဥပဒေများနှင့်အညီ စီရင်ပိုင်ခွင့်ရှိ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်။

အပိုင်း -၁၄

အထွေထွေ

၁၄-၁ ဓာတ်အားရောင်းချသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေနှင့် စည်းမျဉ်းများကို လိုက်နာရမည်ဖြစ်ပြီး၊ အကောင်အထည်ဖော်လျက်ရှိသော လုပ်ငန်းစဉ်တစ်ခုလုံးတွင်လည်း ဒေသဆိုင်ရာ အစဉ်အလာများနှင့် ဓလေ့ထုံးတမ်းများကို လေးစားရမည်။

၁၄-၂ နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်များအရ ရေးထိုးချုပ်ဆိုထားသော ဤဓာတ်အားဝယ်ယူရေးစာချုပ် Power Purchase Agreement (P.P.A) ပါ အကြောင်းအရာနှင့် အချက်အလက် များသည် လျှို့ဝှက်ချက်များဖြစ်သဖြင့် အခြားကုမ္ပဏီများသို့ မပေါက်ကြားစေရန် စောင့်ထိန်းရမည်။ စောင့်ထိန်းရမည့်ပုဂ္ဂိုလ်များမှာ ဓာတ်အားရောင်းချသူနှင့် ဓာတ်အားဝယ်ယူသူ နှစ်ဦးနှစ်ဖက်၏ ညွှန်ကြားရေးမှူးများ၊ အရာရှိများ၊ ဝန်ထမ်းများ ဖြစ်ပါသည်။

၁၄-၃ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့မဟာဓာတ်အားလိုင်းစနစ် (National Power Grid) မှ ဓာတ်အား တာချီလိတ်မြို့သို့ ရောက်ရှိလာပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏မူဝါဒနှင့်အညီ ညှိနှိုင်းဆောင်ရွက်ချက်အရ ဓာတ်အားဆက်လက်သုံးစွဲမှု ပြတ်တောက်မှုမရှိစေရေး ဆောင်ရွက် သွားရမည်ဖြစ်သည်။

၁၄-၄ ဤစာချုပ်သည်သာလျှင် နှစ်ဦးနှစ်ဖက် အတည်ပြုထားသော သဘောတူညီချက်ဖြစ်သည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ယခင်ကနှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ သဘောတူညီချက်ရှိခဲ့လျှင် ထိုသဘောတူညီချက်များကို ဆက်လက်၍ အကျိုးသက်ရောက်မှု မရှိစေရ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၅၀၀၀ကျပ် ငွေငါးထောင်ကျပ် K 5000

၁၄-၅ ဤစာချုပ်နှင့် စပ်လျဉ်း၍ အကြောင်းကြားစာနှင့် အခြားဆက်သွယ်မှုများကို စာတိုက်၊ စကားပြော ကြေးနန်း၊ တဲလက်စ်၊ ဖက်စ်၊ အီးမေး၊ ကြိုးမဲ့ကြေးနန်း၊ ကြေးနန်းတို့ဖြင့် ပေးပို့သူက ကျသင့်ငွေ ကြိုတင်ပေးချေ၍ ပေးပို့ရမည်။ ထိုသို့ ဆက်သွယ်ရာတွင် အောက်ဖော်ပြပါ လိပ်စာများအတိုင်း ဆက်သွယ်ဆောင်ရွက်ရမည်။

ဓာတ်အားဝယ်ယူသူ	ဓာတ်အားရောင်းချသူ
ဉက္ကဋ္ဌ	အုပ်ချုပ်မှုဒါရိုက်တာ
ဦးတင်ဝင်းရွှေ	ဦးမောင်မောင်(ခေါ်)ဦးစိုင်းဝန်းပန်
မြို့နယ်မီးလင်းရေးကော်မတီ	မင်းခေတ်သစ်သတ္တုတူးဖော်ရေး
တာချီလိတ်မြို့	ကုမ္ပဏီလီမိတက်
ဖုန်း- ၀၈၄-၅၂၉၃၃၉	အိမ်အမှတ် A 1, A 2၊ ပါဆပ်ကားလေးဝင်း၊
	ဝိန်းကျောက်ရပ်ကွက်၊ ဟောင်လိပ်ကျေးရွာ၊
	တာချီလိတ်မြို့။
	ဖုန်း၊ ၀၉-၅၂၁၁၉၆၃
	ဖက်စ်၊ ၀၈၄-၅၁၂၁၈

၁၄. ၆ တစ်ဖက်မှတစ်ဖက်သို့ ဆက်သွယ်သောစာများကို လက်ခံရရှိကြောင်း ပြန်ကြားရမည်။

၁၄. ၇ ဤဓာတ်အားဝယ်ယူရေးစာချုပ် Power Purchase Agreement (P.P.A) အား ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၊ (၂)ရက်နေ့တွင် အောက်ပါအသိသက်သေများရှေ့၌ လက်မှတ်ရေးထိုးကြပါသည်။

ဓာတ်အားဝယ်ယူသူ	ဓာတ်အားရောင်းချသူ
၁။	၁။
လက်မှတ် --------------------	လက်မှတ် --------------------
အမည် ဦးတင်ဝင်းရွှေ	အမည် ဦးမောင်မောင်(ခေါ်)ဦးစိုင်းဝန်းပန်
ရာထူး ဉက္ကဋ္ဌ	ရာထူး အုပ်ချုပ်မှုဒါရိုက်တာ
ဌာန မြို့နယ်မီးလင်းရေးကော်မတီ	ဌာန မင်းခေတ်သစ်သတ္တုတူးဖော်
တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့	ကုမ္ပဏီလီမိတက်

ကျွန်ုပ်တို့၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၅၀၀၀ကျပ် ငွေငါးထောင်ကျပ် K 5000

<u>အသိသက်သေများ</u>

၁။
လက်မှတ် -----------------------
အမည် ဦးကျော်ငြိမ်း
ရာထူး ဒုတိယဥက္ကဋ္ဌ
ဌာန မြို့နယ်မီးလင်းရေးကော်မတီ
တာချီလိတ်မြို့

၁။
လက်မှတ် -----------------
အမည် ဦးဝင်းလွင်ဦး
ရာထူး ဒါရိုက်တာ
ဌာန မင်းခေတ်သစ်သတ္တုတူးဖော်ရေး
ကုမ္ပဏီလီမိတက်

၂။
လက်မှတ် ----------------------
အမည် ဦးထွန်းထွန်းဝင်း
ရာထူး အတွင်းရေးမှူး
ဌာန မြို့နယ်မီးလင်းရေးကော်မတီ
တာချီလိတ်မြို့

၂။
လက်မှတ် ---------------
အမည် Thanun Satavuthi
ရာထူး Assistant Managing Director
ဌာန ThaiNondestructive Testing Co;Lt

၃။
လက်မှတ် ----------------------
အမည် ဒေါ်နန်းစံဖောင်း
ရာထူး မန်နေဂျာ
ဌာန မြို့နယ်မီးလင်းရေးကော်မတီ
တာချီလိတ်မြို့

၃။
လက်မှတ် -------------
အမည် ဦးစိုင်းဇင်ကျိုင်း
ရာထူး ဒါရိုက်တာ
ဌာန မင်းခေတ်သစ်သတ္တုတူးဖော်ရေး
ကုမ္ပဏီလီမိတက်

၄။
လက်မှတ် ----------------------
အမည် ဦးခမ်းမွန်း
ရာထူး ဈေးကွက်မန်နေဂျာ
ဌာန မြို့နယ်မီးလင်းရေးကော်မတီ
တာချီလိတ်မြို့ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် (သစ်တော) ၃/၁၆(ဃ)(၄၃၅ /၂၀၁၇)
ရက်စွဲ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်

သို့

ပြည်နယ်အစိုးရအဖွဲ့
ရှမ်းပြည်နယ်

အကြောင်းအရာ။ **မင်းခေတ်သစ် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ၂၃ မဂ္ဂါဝပ် တာချီလိတ် ကျောက်မီးသွေးသုံး ဓါတ်အားပေးစက်ရုံစီမံကိန်း၏ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ(EIA) အပေါ် အတည်ပြုပြန်ကြားခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁) ရှမ်းပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့၏ ၆-၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ (၁၃၈၈)/၈-၁၁၇/ အစရ(ရှမ်း)
(၂) ရှမ်းပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့၏ ၂၉-၃-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၄၄၂၃/၈-၁၁၇/ အစရ(ရှမ်း)
(၃) မင်းခေတ်သစ်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ၁၀-၁၀-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၀၁၀/MKTNDT/ (CFPP-စက်ရုံ)/ ၂၀၁၆

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်နယ်၊တာချီလိတ်မြို့နယ်တွင် ဆောင်ရွက်မည့် ကျောက်မီးသွေးသုံးဓါတ်အားပေးစက်ရုံ (၂၃ မဂ္ဂါဝပ်) စီမံကိန်း၏ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ(EIA) အား ဤဝန်ကြီးဌာန၏သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ပြီးဖြစ်၍ စိစစ်ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာများဖြင့် တင်ပြလာပါသည်။

၂။ မင်းခေတ်သစ် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ ပြန်လည်ပြုစု ပေးပို့လာသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ(EIAReport)သည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီမှုရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

၃။ မင်းခေတ်သစ် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ပြန်လည်တင်ပြလာသည့် EIA Report တွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာစိစစ်သုံးသပ်ရေးအဖွဲ့၏ သဘောထားအကြံပြုချက်နှင့်အညီ ဖြည့်စွက်ဖော်ပြထားပြီး တစ်ဖက်ပါအချက်များကိုလည်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ပြု ဖော်ပြထားပါသည်-

(က) ကျောက်မီးသွေး အပူသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် သက်ဆိုင်သည့် (နိုင်ငံတော်) အမျိုးသား ဥပဒေ၊ ကြားဖြတ်ဥပဒေများ၊ နည်းဥပဒေများ (နည်းနာများ) နှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊

(ခ) မည်သည့်ညစ်ညမ်းပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းကိုမဆို ဖန်တီးမှု၊ ထုတ်လုပ်မှုနှင့် စွန့်ပစ်မှုတို့ကို ရှောင်ကျဉ်ရန်၊ လျှော့ချရန်နှင့် ထိန်းချုပ်ရန်အတွက် လုပ်ငန်းစဉ်များ၊ အလေ့အကျင့်များနှင့် နည်းစနစ်များကို လက်တွေ့လိုက်နာကျင့်သုံးခြင်းဖြင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ကာကွယ်ရန် အထူးတလည်ခံဝန်ကတိပြုပါကြောင်း၊

(ဂ) သယံဇာတအမြောက်အမြားအသုံးပြုခြင်းကိုအနည်းဆုံးလျှော့ချ၍ စွန့်ပစ်ပစ္စည်းများကို လျှော့ချခြင်းနှင့် ပြန်လည်အသုံးပြုခြင်းကို တိုးမြှင့်လုပ်ဆောင်သွားမည်ဟု အထူးကတိပြုပါကြောင်း၊

(ဃ) ထိတွေ့လေထုအရည်အသွေးအတွက် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ၏ စံချိန်စံညွှန်းကို လိုက်နာပါမည်ဖြစ်ကြောင်း၊

(င) စက်မှုဝန်ကြီးဌာန၏ စက်မှုလုပ်ငန်းဆိုင်ရာ စွန့်ထုတ်အရည် အဆင့်သတ်မှတ်ချက်များကို လိုက်နာသွားမည်ကြောင်း၊

(စ) တည်ဆောက်ဆဲကာလနှင့် စက်ရုံလည်ပတ်သည့်အဆင့်တွင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ၏ ဆူညံသံအဆင့်သတ်မှတ်ချက် စံချိန်စံညွှန်းကို လိုက်နာပါမည်ဖြစ်ကြောင်း၊

(ဆ) မြန်မာနိုင်ငံမှ ကျင့်သုံးသော ဥပဒေနှင့် စံချိန်စံညွှန်းများသာမက အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ၏ စံချိန်စံညွှန်းကိုပါ လိုက်နာပါမည်ဖြစ်ကြောင်း၊

(ဇ) ဂျပန် (သို့မဟုတ်) အနောက်နိုင်ငံများမှ ဒီဇိုင်းထုတ်လုပ်ထားသော ခေတ်မီစက်ပစ္စည်းများကို အသုံးပြုမည်ဖြစ်ပြီး တာချီလိတ်ကျောက်မီးသွေးအပူသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ လည်ပတ်ရေးအတွက် ယင်းစံချိန်စံညွှန်းများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(ဈ) လျှပ်စစ်ဓာတ်အားပေး စက်ရုံဒီဇိုင်းကို အောက်ဖော်ပြပါ အချက်များအပေါ် မူတည်၍ ရွေးချယ်မည်ဖြစ်ကြောင်း-

(၁) စက်ရုံသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နည်းနာများနှင့်ကိုက်ညီစေရန် အနိမ့်ဆုံး ထုတ်လွှတ်မှုရှိပါမည်။

(၂) လျှပ်စစ်ဓာတ်အားပေး စက်ရုံဒီဇိုင်းသည် ပတ်ဝန်းကျင်ဆိုင်ရာ စိတ်ချယုံကြည်မှု ဘေးကင်းလုံခြုံရေးကို အခြေခံ၍ ရေးဆွဲပါမည်။

(၃) လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မြင့်မားသောယုံကြည်စိတ်ချမှု ရှိပါမည်။ (ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်မှု မရှိစဉ်ကာလ)

(၄) လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးနိုင်ပါမည်။

(၅) လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်များ၊ လည်ပတ်ရေးကုန်ကျစရိတ်များနှင့် ထိန်းသိမ်းရေး ကုန်ကျစရိတ်များသည် စီးပွားရေးအရ တွက်ခြေကိုက် ဖြစ်နိုင်ခြေရှိပါမည်။

(ည) ထုတ်လွှတ်မှုထိန်းချုပ်ခြင်းအတွက် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ၏ စံချိန်စံညွှန်းကို လိုက်နာမည်ဖြစ်ကြောင်း၊

(ဋ) ဖုန်မှုန့်ထုတ်လွှတ်ခြင်းနှင့် ကျောက်မီးသွေးမှုန်များလွင့်ခြင်းမှ ကာကွယ်ရန် အလုံပိတ် ကျောက်မီးသွေးသိုလှောင်ရုံကို တည်ဆောက်မည်ဖြစ်ကြောင်း၊

(ဌ) အသံတိတ်ကိရိယာတပ်ဆင်ခြင်းဖြင့် စက်များမှ ၁.၅ မီတာ အကွာအဝေးတွင် ထိန်းချုပ် ဆူညံသံအဆင့် ၈၅ dB (A) အောက် လျော့နည်းသော ဆူညံသံအဆင့်ကိုရရှိရန် စက်ရုံဝန်းအတွင်း၌ ၅၀ dB (A) အောက် လျော့နည်းသော ဆူညံသံအဆင့်ကို ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

(ဍ) စွန့်ပစ်ဓာတ်ငွေ့များကို ခေါင်းတိုင်မှ ထုတ်လွှတ်ရာတွင် သယ်ယူပန်ကာ (Induced Draft Fan) မှ နောက်ဆုံးခေါင်းတိုင်အထိ အပူချိန်မလျော့ဘဲ ပြာမှုန့်များကို ဖယ်ရှား၍ ထုတ်လွှတ်မှုထိန်းချုပ်ရန်အတွက် ဖြန့်ဝေထိန်းချုပ်စနစ် (Distributed Control System) နှင့် စဉ်ဆက်မပြတ် ထုတ်လွှတ်မှုစောင့်ကြည့်သည့်စနစ် (EMS) များကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊

(ဎ) စက်ရုံလည်ပတ်စဉ် (တစ်ခုလုံးအတွက်) PM_{10} နှင့် $PM_{2.5}$ တို့၏ စွန့်ထုတ်မှုအဆင့် 80 mg/Nm^3 ရရှိရေးအတွက် ဘွိုင်လာ(Boiler)တွင် စစ်ထုတ်သန့်ရှင်းရေးကိရိယာ (ESP) ၃ ခုကိုတပ်ဆင်သွားမည်။ ကုန်ကြမ်းကြိတ်ခွဲစက်မှ ဘွိုင်လာသို့ လောင်စာသယ်ယူပို့ရာတွင် အများဆုံး 590 m အရှည်ရှိသော ရွေ့လျားစက်ခါးပတ်ကို စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(ဘ) အမှုန်များ စုပ်ယူရန်အတွက် ဖုန်စုပ်စက် - (လေစစ်အိတ်များ) ၃ ခုကို ကုန်ကြမ်းကြိတ်ခွဲစက်၊ ၇ ရက်စာ သိုလှောင်နိုင်သော သိုလှောင်ရုံနှင့်ဘွိုင်လာရှိ ကျောက်မီးသွေးကန်တို့တွင် တပ်ဆင်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း၊

(တ) ပြာစွန့်ပစ်ခြင်း အစီအစဉ်ဒီဇိုင်းအရ ပျံလွင့်ပြာများကို ကျောက်မီးသွေးသတ္တုတွင်းသို့ စဉ်ဆက်မပြတ် ထရပ်ကားဖြင့် သယ်ယူစွန့်ပစ်မည်ဖြစ်ကြောင်း၊

(ထ) SO_2 နှင့် NO_2 အတွက် WHO စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားပါမည်။ စက်ရုံလည်ပတ်စဉ်အတွင်း ကုမ္ပဏီသည် Mercury နှင့် Dioxin ကဲ့သို့ ဓာတ်ငွေ့များထုတ်လွှတ်ခြင်းကို စောင့်ကြပ်ကြည့်ရှုရန်နှင့် စစ်ဆေးရန် ဆောင်ရွက်ရပါမည်။

(ဒ) ဆောက်လုပ်ရေးစွန့်ပစ်ပစ္စည်းများကို စီမံကိန်းလုပ်ငန်းတွင် သိမ်းဆည်းမည်ဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးမှ စီစဉ်ပေးသော သတ်မှတ်နေရာသို့ သယ်ယူမည်ဖြစ်ကြောင်း၊

(ဓ) ဆောက်လုပ်ရေးလုပ်ငန်းများမှ ထုတ်လွှတ်သော ဖုန်မှုန့်နှင့် ဖန်လုံအိမ်ဓာတ်ငွေ့များကို စီမံဆောင်ရွက်မည်ဖြစ်ကြောင်း၊

(န) ဆူညံသံထုတ်လွှတ်မှုအတွက် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း(IFC)၏ပတ်ဝန်းကျင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး လမ်းညွှန်ချက်များ (၂၀၀၇)နှင့်အညီ လိုက်နာသွားမည်ဖြစ်ကြောင်း၊

(ပ) စီးဆင်းရေကို ဘေးဖြစ်စေသည့် စွန့်ထုတ်အရည် စွန့်ပစ်ခြင်းမှ ကာကွယ်သွားမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းခွင်မှ အမှိုက်စွန့်ပစ်ခြင်းကို အမှိုက်အိတ်များ အသုံးပြု၍ အမှိုက်စွန့်ပစ်ခြင်းအစီအစဉ်အရ စွန့်ပစ်မည်ဖြစ်သည်။ စွန့်ပစ်အရည်များ စွန့်ထုတ်မှု လျော့နည်းစေရန် အလုံပိတ်စနစ် အဆောက်အဦများနှင့် ရေဆိုးသန့်စင်စက်ရုံကို စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊

(ဖ) ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်ရှိသောအမှုန်များကြောင့် သက်ရှိနှင့် အပင်တို့တည်နေရာ၏ အရည်အသွေးနှင့် ကောင်းမွန်သော ဂေဟစနစ်၏ အခြေအနေအပေါ် အကျိုးသက်ရောက်မှုများကိုလျှော့ချရန် ကုမ္ပဏီမှ ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဗ) စက်ရုံစီမံကိန်းတွင် ဒေသတွင်းအလုပ်သမားများ အလုပ်အလွယ်တကူ ရရှိနိုင်သည့် အလုပ်သမား စုဆောင်းရေးမူဝါဒကို ဖော်ဆောင်မည်ဖြစ်ကြောင်း၊

(ဘ) အလုပ်သမားတစ်ယောက်ချင်းစီအတွက် လက်အိတ်များ၊ ခေါင်းဆောင်းများ၊ နေကာမျက်မှန်များနှင့် အခြားအသုံးအဆောင်များ၊ ဝတ်စုံများနှင့် ယူနီဖောင်းများကို စီစဉ်ပေးခြင်းဖြင့်အလုပ်သမားများသည် ထိခိုက်မှုအမျိုးမျိုးမှကာကွယ်ပေးမည်ဖြစ်ကြောင်း၊

(မ) ဘွိုင်လာများ၊ လေဖိအားအစိတ်အပိုင်းများ၊ FD နှင့် ID ပန်ကာများနှင့် ပြာခွဲခြားခြင်းနှင့် စီမံခန့်ခွဲသည့်စနစ်များနှင့် အခြားအထောက်အပံ့ပေးသည့် စနစ်များကို ပုံမှန်စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းများကို ပြုလုပ်မည်ဖြစ်ကြောင်း၊

(ယ) ဆူညံသံထုတ်လွှတ်မှုအတွက် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ၏ ပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး လမ်းညွှန်ချက်များ (၂၀၀၇)နှင့်အညီ လိုက်နာသွားမည်ဖြစ်ကြောင်း၊

(ရ) စွန့်ပစ်ပစ္စည်းများ စုဆောင်းခြင်း၊ သယ်ယူခြင်း၊ စွန့်ပစ်ခြင်းနှင့် စီမံခန့်ခွဲခြင်းများကို ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အောက်တွင်ရှိသော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဌာနမှ ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(လ) ရေပြန်လည်သုံးစွဲခြင်းနှင့် ပြန်လည်သန့်စင်အသုံးပြုခြင်း၊ ရေထိန်းသိမ်းရေး အစီအစဉ်တို့ကိုဆောင်ရွက်မည်။ ဓာတ်အားပေးစက်ရုံနယ်နိမိတ်မှ အန္တရာယ်ရှိသည့် စွန့်ပစ်အရည်များ စွန့်ပစ်ခြင်းကို လျှော့ချနိုင်ရန် Closed facilities System ကို စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊

(ဝ) လေအရည်အသွေးထိန်းချုပ်မှုအစီအစဉ် (Integrated Distributed Control System) နှင့် ခေါင်းတိုင်တွင် စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ် (Continuous Emission Monitoring System - CEMS) ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(သ) ဒေသခံအလုပ်သမားများကို ပညာရှင်နှင့် ပညာရှင်မဟုတ်သော ရာထူးများအတွက် အမြဲတမ်း သို့မဟုတ် ယာယီဝန်ထမ်းအဖြစ် ဦးစားပေးခေါ်ယူမည်။ တစ်ချို့သော အလုပ်နေရာများအတွက်လည်း ဒေသခံအလုပ်သမားများကို ခေါ်ယူသင့်ပါသည်။ ၎င်းအလုပ်သမားခေါ်ယူမှုသည် လေ့လာသည့် နယ်မြေအားလုံး၏ ဆင်းရဲမွဲတေမှုအဆင့်ကို လျှော့ချရာတွင် အကူအညီဖြစ်စေမည်ဖြစ်ကြောင်း၊

(ဟ) လျှပ်စစ်မီးဖြန့်ဝေခြင်းနှင့် ဖြန့်ဝေသည့်မီးကြိုးများ တပ်ဆင်ရာတွင် ဒေသခံပြည်သူနှင့် စီမံကိန်းကြောင့် ပြောင်းရွှေ့နေထိုင်ရသူများကို ဦးစားပေးသင့်သည်။ အထူး

သဖြင့် ဒေသခံပြည်သူများ ရေသွင်းရာတွင် ရေစုပ်စက်များအတွက် လျှပ်စစ်မီး ထောက်ပံ့ရာတွင် ဦးစားပေးမည်ဖြစ်ကြောင်း၊

(ဋ) လမ်းလုံခြုံရေးနည်းလမ်းများ၊ ယာဉ်ပုံမှန်စစ်ဆေးခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ မော်တော်ယာဉ်ပညာပေးမှုဖြစ်သော ယာဉ်အန္တရာယ် အသိပေးထိန်းသိမ်းမည်ဖြစ်ကြောင်း၊

(ဆ) သင့်တော်သည့်သင်တန်းများ၊ တစ်ကိုယ်ရည်သုံး လုံခြုံရေးပစ္စည်းများ၊ ယာဉ်အန္တရာယ် အသိပေးခြင်း၊ အနီးအနားမှ ဖြတ်သန်းသွားလာသူများကို အချက်ပြသတိပေးခြင်းနှင့် ဂဟေဆော်စံချိန်စံညွှန်းများ ကျင့်သုံးမည်ဖြစ်ကြောင်း၊

(ကက) ကိရိယာများကို ပုံမှန်ထိန်းသိမ်းခြင်း၊ သေချာကိုင်တွယ်ခြင်း၊ လုံခြုံရေး လုပ်ငန်းစဉ်များကို လိုက်နာခြင်း၊ ဓာတုပစ္စည်းများကို အမျိုးအစားခွဲခြားခြင်း ဖြစ်နိုင်ခြေရှိသည့် ဘေးအန္တရာယ်များကို သတ်မှတ်ခြင်းနှင့် ဘေးကင်းလုံခြုံရေးအတွက် ပစ္စည်းများ အချက်အလက်စာရွက်ကို ထိန်းသိမ်းထားရှိပါကြောင်း၊

(ကခ) လျှပ်စစ်ပစ္စည်းများနှင့် ဝါယာကြိုးများကို စံချိန်စံညွှန်းနှင့်အညီ တပ်ဆင်ထိန်းသိမ်းခြင်း၊ မီးလောင်မလွယ်သော အဖုံးအကာများဖြင့် ဖုံးအုပ်မည်ဖြစ်ကြောင်း၊

(ကဂ) အပူချိန်၊ လေထည့်သွင်းမှုနှင့် မီးသင်းဖိုစနစ်တို့ကို စောင့်ကြည့်ရန်နှင့် ထိန်းညှိရန် ထိန်းချုပ်စနစ်၊ လောင်စာအရည်အသွေးနှင့်အန္တရာယ်ကင်းရှင်းရေးစနစ် စောင့်ကြည့်စစ်ဆေးခြင်း၊ မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် မီးသတ်ပစ္စည်း တပ်ဆင်ထားမည်ဖြစ်ကြောင်း၊

(ကဃ) သိုလှောင်ရုံသို့ ဝင်ထွက်ခွင့် ကန့်သတ်ခြင်း၊ တစ်ကိုယ်ရေ လုံခြုံရေးပစ္စည်းများ၊ မတော်တဆမှု ဖြစ်ပွားခြင်းအတွက် လိုအပ်သောပစ္စည်းများ (Spill kits)၊ သန့်စင်ဆေးကြောရန်အတွက် (Safety Shower, eye wash) နှင့် ရှေးဦးသူနာပြုစုရန် ပစ္စည်းများ ထားရှိမည်ဖြစ်ကြောင်း၊

(ကင) ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကြိုတင်ကာကွယ်ရေးလမ်းညွှန်းချက်များ ထားရှိခြင်း၊ ရှေးဦးသူနာပြုနှင့် ကောင်းမွန်သော အထွေထွေကျန်းမာရေးဌာန ထားရှိခြင်းနှင့် အသိပညာပေးခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(ကစ) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ၏ လမ်းညွှန်ချက်များ (၂၀၀၇) နှင့် အညီ လိုက်နာသွားမည်ဖြစ်ကြောင်း၊

(ကဆ) ဆောက်လုပ်ရေးစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲရေး၊ လေအရည်အသွေး စီမံခန့်ခွဲခြင်းအစီအစဉ်၊ အသံထိန်းချုပ်မှုအစီအစဉ်နှင့် လူမှုစီးပွားရေးစီမံခန့်ခွဲမှုအစီအစဉ်များကိုတိုးတက်စေပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

(ကဇ) ထိတွေ့လေနှင့် အသံစီမံခန့်ခွဲမှု၊ ကျောက်မီးသွေးသယ်ယူခြင်းနှင့် စီမံခြင်းအစီအစဉ်၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်၊ ရေအရင်းအမြစ်ထိန်းသိမ်းရေးအစီအစဉ်၊ စွန့်ပစ်ရေစီမံခန့်ခွဲမှုအစီအစဉ်၊ ဂေဟဗေဒစီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအစီအစဉ် (Greenbelt development plan) ၊ လူမှုစီးပွားစီမံခန့်ခွဲမှုအစီအစဉ်၊ သဘာဝဘေးအန္တရာယ်နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်နှင့် လုံခြုံရေးနှင့် အရေးပေါ်အစီအစဉ်များကို တိုးတက်စေပြီး အကောင်အထည်ဖော်ဆောင်မည် ဖြစ်ပါကြောင်း၊

၁၀။ ခွင့်ပြုထားသောမြေအတွင်း သယံဇာတပစ္စည်းများနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တွေ့ရှိ၍ ပြည်ထောင်စုအစိုးရအဖွဲ့က လိုအပ်လျှင် ခွင့်ပြုထားသောမြေအနက် လိုအပ်မည့်မြေဧရိယာကို ပြန်လည်သိမ်းယူသည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်အတိုင်း ပြန်လည်အပ်နှံရမည်။

၁၁။ ခွင့်ပြုထားသောမြေအတွင်း နိုင်ငံတော်၏အကျိုးငှာ အခြေခံအဆောက်အဦ စီမံကိန်း သို့မဟုတ် အထူးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ခြင်းအတွက် ခွင့်ပြုထားသောမြေအနက် လိုအပ်မည့်မြေဧရိယာကိုပြန်လည်သိမ်းယူသည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်အတိုင်း ပြန်လည်အပ်နှံရမည်။

၁၂။ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိပြီးနောက် ဆက်လက်လုပ်ကိုင် အသုံးပြုနိုင်ခြင်း မရှိပါက ဗဟိုကော်မတီသို့ ပြန်လည်အပ်နှံရမည်။

၁၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၂-၉-၂၀၁၅)ရက်နေ့ အစည်းအဝေးအမှတ်စဉ်(၉ /၂၀၁၅)ဆုံးဖြတ်ချက်အမှတ် ၈(၁၀)-အရ လက်မှတ်ရေးထိုး ထုတ်ပေးခြင်း ဖြစ်ပါသည်။

ရုံးတံဆိပ်

စာအမှတ်၊ ၁၉/မလရ-၁၆ (၁၂ /၂၀၁၆)

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉)ရက်

ဥက္ကဋ္ဌ/အတွင်းရေးမှူး

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

ဖြန့်ဝေခြင်း

- မင်းခေတ်သစ်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်
(ခ-၂၇၃)၊ ချမ်းမြသာစည်ရပ်ကွက်၊ တောင်ကြီးမြို့။

မိတ္တူကို

- ဥက္ကဋ္ဌ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့
- ညွှန်ကြားရေးမှူးချုပ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
- ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ရှမ်းပြည်နယ်
- မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ဘာချီလိတ်မြို့နယ်
- ရုံးလက်ခံ။

မြေစာရင်းပုံစံ – ၁၀၅


2014 - 0345327

မှန်ကန်ကြောင်း သက်သေခံ / သက်သေမခံ သော လက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံရေးကူးရန်ပုံစံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရုံးခွန်တံဆိပ်ခေါင်း
၄၀၀ကျပ် K 400

တိုင်းဒေသကြီး/ ပြည်နယ်	ရှမ်းပြည်နယ်(အရှေ့ပိုင်း)
ခရိုင်	တာချီလိတ်
မြို့နယ်/ မြို့နယ်ခွဲ	တာချီလိတ်
ရပ်ကွက်/ ကျေးရွာအုပ်စု	မိုင်းဟဲ
ကွင်း/ အကွက်အမှတ်နှင့်အမည်	ကွင်းပြင်(ကျောက်လိုင်ဂူ)
ဦးပိုင်အမှတ်/ မြေကွက်အမှတ်	

မြေပုံအညွှန်းနံပါတ် – 93 P/14
(တစ်စိတ်တစ်ပိုင်း)



လပ်ကွက်မြေပုံညွှန်းများ
A=LU-805927
B=LU-805928
C=LU-807925
D=LU-808922
E=LU-807922

၁လက်မ=၁မိုင်စနစ်သုံးမြေပုံမှရေးကူးသည်။

ဦးပိုင် အမှတ်	အခွန်စည်းကြပ်ခံရသူ/ ပိုင်ရှင်/ ဂရန်ရှင်/ အငှားဂရန်ရှင် အမည်	ပိုင်ဆိုင်ခွင့်	မြေမျိုးနှင့် အတန်း	ဧရိယာ (ဧက)	မှတ်ချက်
		အစိုးရ	မြေရိုင်း	(၁၅)	ရှမ်းပြည်နယ်အစိုးရအဖွဲ့ တောင်ကြီးမြို့၏(၂၆၊၁၁၊၂၀၁၄) ရက်စွဲပါစာအမှတ်-၁၄၅၁၀/ ၆-၆၃၃/အဝရ(ရှမ်း)။

ရေးကူးပေးသည့်အကြောင်းအရာ	မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ မှဒ္ဒြမှ (၄-၈ႇသ)ရေးသွင်းလျှောက်ထားရန်။

(အထက်ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်။)

လျှောက်ထားသူအမည် – (မင်းခေတ်သစ်ကုမ္ပဏီလီမိတက်)

လျှောက်လွှာတင်သည့်နေ့စွဲ – (၁၅– ၁၂–၂၀၁၄)

လျှောက်ထားသူသို့ ထုတ်ပေးသည့်နေ့စွဲ – (၁၆– ၁၂–၂၀၁၄)

ယခုအထက်တွင် ပြဆိုသောမြေပုံမှာ မှန်ကန်သေချာစွာ ရေးကူးထားသော (၂၀၁၄) ခုနှစ် အတွက် နောက်ဆက်တွဲတိုင်းတာခြင်း မြေပုံဖြစ်ကြောင်း သက်သေခံလက်မှတ် ရေးထိုးပါသည်။

မြေတိုင်း (၄)
မြို့နယ်မြေစာရင်းဦးစီးဌာန
တာချီလိတ်မြို့။

အမှုတွဲထိန်း/မြေတိုင်းစာရေးလက်မှတ် –

နေ့စွဲ –

တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါသည်။

လက်ထောက်ဦးစီးမှူးလက်မှတ် – (ညွှန့်ဝင်း)

နေ့စွဲ – လက်ထောက်ဦးစီးမှူး (စစ်ဆေးရေး)

ရှမ်းပြည်နယ် ... တာချီလိတ်မြို့

စိစစ်အတည်ပြုပါသည်။

မြို့နယ်မြေစာရင်းဦးစီးဌာနမှူးလက်မှတ် ဦးစီးအရာရှိ

နေ့စွဲ

ဖွံ့ဖြိုးရေးဘဏ်
ဘ လ င (၁)

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ငွေပေးသွင်းလွှာ 220035

ငွေသွင်းလွှာအမှတ်

မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ______

______ မြို့ ဦး/ဒေါ် [illegible] အပွင့်

ဌာနအဖွဲ့အစည်း/တပ်ရင်းတပ်ဖွဲ့ / ~~ဦး~~ / ဒေါ် [illegible]

က ပေးရန်ရှိသည့်ငွေပေါင်း (စာဖြင့်) [illegible]

ငွေ (ဂဏန်းဖြင့်) ၁၅၀၀၀၀/- ကို လက်ခံပါမည့်အကြောင်း။

______ မြို့။

၈.၂.၁၆ နေ့စွဲ။ [illegible] ငွေသွင်းသူလက်မှတ်

ငွေ (စာဖြင့်) ______

ငွေ (ဂဏန်းဖြင့်) ______ ကိုလက်ခံရရှိပါသည်။

မြို့။ နေ့စွဲ။

မြို့။ ငွေပေးသွင်းပြီး
နေ့စွဲ။ ၁၅၀၀၀၀/
ရက်စွဲ ၈.၂.၁၆
[illegible] [illegible]
မန်နေဂျာ ငွေကိုင်

မန်နေဂျာ [illegible] ငွေကိုင်/သက်ဆောက်ငွေကိုင်

နှစ်နှင့်ချေးငွေအမျိုးအစား [illegible]

တောင်ကြီး

ပေးသွင်းငွေအသေးစိတ်စာရင်း

	ကျပ်	ပြား
၁။ အရင်း	၁၅၀၀၀၀	-
၂။ အတိုး		
၃။ ဒဏ်တိုး		
၄။ အမြတ်အပ်ငွေ		
၅။ စုဆောင်းငွေ		
၆။ အစုရှယ်ယာငွေ		
၇။ ပုံစံဖိုး		
၈။ အခြား		
စုစုပေါင်း		
	၁၅၀၀၀၀	-

အထက်ပါစာရင်းများကို ကိုယ်တိုင်တွက်ချက် ရေးသွင်းကြောင်း လက်မှတ်ရေးထိုးပါသည်။

[illegible]

သက်ဆိုင်ရာဝန်ထမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ရှမ်းပြည်နယ်အစိုးရအဖွဲ့

ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန

နှင့်

မင်းခေတ်သစ် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်

တို့အကြားချုပ်ဆိုသော

တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ မိုင်းဟဲကျေးရွာ


ကျောက်လှိုင်ဂူအနီး ကျောက်မီးသွေးသုံး

ဓာတ်အား ထုတ်လုပ်ခြင်းစီမံကိန်းလုပ်ငန်း

အတွက်

နားလည်မှုစာချွန်လွှာ (M.O.U.)

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်
တောင်ကြီးမြို့



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု၊ မိုင်းဟဲကျေးရွာ ကျောက်လှိုင်ဂူ အနီး ကျောက်မီးသွေးသုံး ဓာတ်အားထုတ်လုပ်ခြင်းစီမံကိန်း တည်ဆောက်ရေးအတွက် ချုပ်ဆိုသည့် နားလည်မှုစာချွန်လွှာ (M.O.U.)

ဤသဘောတူစာချုပ်ကို ၂၀၁၄ ခုနှစ် ၊ ဇူလိုင်လ (၂၅)ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားပြုသော ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ၊ ဦးစိုင်းထွန်းရင် (နောင်တွင် " **စီမံကိန်း အကောင်အထည်ဖော်ခွင့်ပြုသူ** "ဟု ရည်ညွှန်းခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်တွင် ၎င်းအားဆက်ခံသူများ ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်) ကတစ်ဖက်

နှင့်

ဦးမောင်မောင်(ခေါ်)ဦးစိုင်းဝန်းပန် ၊ အုပ်ချုပ်မှုဒါရိုက်တာကိုယ်စားပြုသော မင်းခေတ်သစ်သတ္တုတူးဖော်ရေးကုမ္ပဏီ လီမိတက်(နောင်တွင် " **စီမံကိန်းအကောင်အထည်ဖော်သူ** "ဟုခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအားဆက်ခံသူ များ၊ တရားဝင်ကိုယ်စားလှယ်များ၊ ဥပဒေအရလွှဲအပ်ခြင်းခံရသူများပါဝင်သည်)က အခြားတစ်ဖက်တို့သည် ဤနားလည်မှု စာချွန်လွှာ (M.O.U.)ကို ချုပ်ဆိုကြပါသည်။

အပိုင်း – ၁

ရည်ရွယ်ချက်

၁။ အောက်ပါအတိုင်း ရည်ရွယ်ချက်ထားရှိပါသည် –

၁.၁ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ကျောက်မီးသွေးသုံးဓာတ်အား ထုတ်လုပ်ခြင်းစီမံကိန်းကို ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခု အား (တည်ဆောက်၊ ပိုင်ဆိုင်၊ လုပ်ကိုင်)စနစ် (Build, Own, Operate)**B.O.O.** ဖြင့်ဆောင်ရွက်စေရန် ရည်မှန်းချက် ဖြင့်လည်းကောင်း၊

၁.၂ မင်းခေတ်သစ်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်အနေ နှင့် မြန်မာနိုင်ငံအတွင်း (တည်ဆောက် ၊ ပိုင်ဆိုင် ၊ လုပ်ကိုင်) စနစ် (Build, Own,Operate) **B.O.O.**ဖြင့် စီပြဆောင်ရွက်မည့် ကျောက်မီးသွေးသုံးဓာတ်အား ထုတ်လုပ်ခြင်း စီမံကိန်းကို ပါဝင်ဆောင်ရွက်အကောင်အထည်ဖော်ရန် ဆန္ဒရှိသဖြင့်လည်းကောင်း၊

၁.၃ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၊ တာချီလိတ်မြို့နယ် ၊ မိုင်းဟဲကျေးရွာအုပ်စု ၊ မိုင်းဟဲကျေးရွာအနီး ကျောက်မီးသွေးသုံး ဓာတ်အားထုတ်လုပ်ခြင်းစီမံကိန်းတွင် (၂၀)မဂ္ဂါဝပ် (၁၀ မဂ္ဂါဝပ်၊ စက်ရုံ ၂ လုံး) ဓာတ်အားပေးစက်ရုံ တည်ဆောက် ပြီး ထွက်ရှိလာသောလျှပ်စစ်ဓါတ်အားကို ဒေသအတွင်းအသုံးပြုကာ ပိုလျှံသောဓါတ်အားကို နိုင်ငံတော်ပိုင်ဓါတ်အား ပို့လွှတ်သည့် မဟာဓါတ်အားလိုင်းအတွင်း ထည့်သွင်းရန် ရည်မှန်းချက်ထားရှိပါသည်။

အပိုင်း – ၂

အဓိပ္ပာယ်ဖွင့်ဆိုချက်

၂။ ဤနားလည်မှုစာချွန်လွှာတွင် နောင်သုံးမည့်စကားရပ်များအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

၂.၁ **ပြည်နယ်အစိုးရ** ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

၂.၂ **ဝန်ကြီး** ဆိုသည်မှာ ရှမ်းပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

၂.၃ **စီမံကိန်း** ဆိုသည်မှာ တာချီလိတ်မြို့နယ် ၊ မိုင်းဟဲကျေးရွာအနီး ကျောက်မီးသွေးသုံး ဓာတ်အားထုတ်လုပ်ခြင်း စီမံကိန်းကို ဆိုသည်။

၂.၄ **စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူ** ဆိုသည်မှာ တာချီလိတ်မြို့နယ် ၊ မိုင်းဟဲကျေးရွာအနီး ၊ ကျောက်မီးသွေးသုံး ဓာတ်အားထုတ်လုပ်ခြင်းစီမံကိန်းလုပ်ငန်းအဝဝကိုဆောင်ရွက်ရန် အပ်နှံခွင့်ပြုသည့် ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ကိုဆိုသည်။

၂.၅ **စီမံကိန်းအကောင်အထည်ဖော်သူ** ဆိုသည်မှာ တာချီလိတ်မြို့နယ် ၊ မိုင်းဟဲကျေးရွာအနီး ၊ ကျောက်မီးသွေးသုံး ဓာတ်အားထုတ်လုပ်ခြင်းစီမံကိန်း လုပ်ငန်းအဝဝကိုဆောင်ရွက်ရန် အပ်နှံခြင်းခံရသည့်ကုမ္ပဏီကို ဆိုသည်။

၂.၆ **တရှုပ်ဝင်များ** ဆိုသည်မှာ ဤနားလည်မှုစာချွန်လွှာတွင် ခေါ်ဝေါ်သုံးစွဲသည့် " စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူ " နှင့် " စီမံကိန်းအကောင်အထည်ဖော်သူ"တို့အား ရည်ညွှန်းဖော်ပြသည့်စကားရပ် ဖြစ်သည်။

၂.၇ **ဖြစ်နိုင်ခြေလေ့လာမှု (Feasibility Study)** ဆိုသည်မှာ အဆိုပြုစီမံကိန်းတစ်ရပ်၏ ဖြစ်နိုင်ခြေများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်ကို အထောက်အကူပြုရန် ကျယ်ပြန့်စွာ စုံစမ်းလေ့လာမှုနှင့် သုတေသနပြုမှုကို အခြေပြု၍ အကဲဖြတ်ခြင်း နှင့် အနုစိတ်လေ့လာခြင်းကို ဆိုသည်။ ဖြစ်နိုင်ခြေလေ့လာမှု(Feasibility Study)ဟု ဆိုရာတွင် အောက်ပါနယ်ပယ်များကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။

(၁) နည်းပညာနှင့်စနစ်ဖြစ်နိုင်ခြေ (Technology and system Feasibility)

(၂) ဥပဒေအရ ဖြစ်နိုင်ခြေ (Legal Feasibility)

(၃) လုပ်ငန်းဆောင်ရွက်မှုဖြစ်နိုင်ခြေ (Operational Feasibility)

(၄) စီးပွားရေးအရ ဖြစ်နိုင်ခြေ (Economic Feasibility)

(၅) အချိန်ဇယားဖြစ်နိုင်ခြေ (Schedule Feasibility)

အပိုင်း – ၃

ကိုယ်စားပြုခြင်းနှင့် အာမခံခြင်း

၃။ ဤသဘောတူစာချုပ်ကိုချုပ်ဆိုကြသော စာချုပ်ဝင်များသည် ဤစာချုပ်ကိုချုပ်ဆိုရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏တည်ဆဲဥပဒေများအရ စာချုပ် ချုပ်ဆိုပိုင်ခွင့်ရှိကြောင်း၊ လုပ်ပိုင်ခွင့် အခွင့်အာဏာရှိကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်သူသည် စီးပွားရေးအရ ခိုင်မာတောင့်တင်းမှုရှိကြောင်း အသီးသီးကိုယ်စားပြု အာမခံကြသည်။

၃.၁ စီမံကိန်းအကောင်အထည်ဖော်သူမှ အောက်ပါအထောက်အထားများကို တင်ပြရမည် –

(က) ကုမ္ပဏီနှင့် စပ်လျဉ်း၍ အထောက်အထားများ။ (နောက်ဆက်တွဲ 'က')

(ခ) ပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်းလုပ်ဆောင်ခွင့်ပြုသည့်အထောက်အထားများ။ (နောက်ဆက်တွဲ'ခ')

(ဂ) စီမံကိန်းလုပ်ဆောင်ခွင့်ပြုသည့်မြေဧရိယာ (၂၅)ဧကအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှင့် လယ်ယာထုတ်ကုန်ဖွံ့ဖြိုးရေးလုပ်ငန်းရန်ပုံငွေ(ငွေစာရင်းအမှတ်–CF002512)သို့ ငွေသိန်း (၂၅၀)(သိန်းနှစ်ရာ့ငါးဆယ်) ပေးသွင်းသည့်အထောက်အထား၊ (နောက်ဆက်တွဲ'ဂ')

အပိုင်း – ၄

စီမံကိန်းတည်နေရာနှင့် အကျယ်အဝန်း

၄။ ဤစီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် စီမံကိန်းတည်ရှိရာနေရာ နှင့် အကျယ်အဝန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) တာချီလိတ်မြို့နယ်၊ မိုင်တဲကျေးရွာအုပ်စု၊ မိုင်တဲကျေးရွာ၊ ကျောက်လှိုင်ဂူအနီး ခန့်မှန်းမြေပုံအညွှန်း 93P–14 (A -LU.805928, C-LU.810926, D -LU.803922, E -LU. 807926) ရှိမြေဧရိယာဧက (၂၅)ဧက ၊

(ခ) နောက်ဆက်တွဲများမှာ –

(၁) ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် တည်နေရာပြမြေပုံကြမ်း။ (နောက်ဆက်တွဲ 'ဃ')

(၂) ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေနေရာပြမြေပုံ ၊ (နောက်ဆက်တွဲ 'ဃ–၁')

(၃) ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် မြေနေရာ၏မှတ်တမ်းဓါတ်ပုံများ၊ (နောက်ဆက်တွဲ 'ဃ–၂')

အပိုင်း – ၅
လုပ်ငန်းအစီအစဉ်

၅။ အဆိုပြုစီမံကိန်းနှင့် စပ်လျဉ်း၍ စီမံကိန်းအကောင်အထည်ဖော်သူမှ အောက်ပါလုပ်ငန်းစဉ်များကို (၆)လအတွင်း လျှပ်စစ်ဝန်ကြီးထံသို့ တင်ပြရမည် -

(က) ဖြစ်နိုင်ခြေလေ့လာမှုအစီရင်ခံစာ (Feasibility Study Report)

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် (Environmental Impact Assessment – E.I.A.)

(ဂ) ဒေသပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးတို့အပေါ်ထိခိုက်မှု ဆန်းစစ်လေ့လာချက် (Social Impact Assessment – S.I.A.)

(ဃ) ပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် (Environmental Management Plan)

(င) Concept Plan .

၅-၁ စီမံကိန်းကို အကောင်အထည်ဖော်သူသည် အောက်ပါအထောက်အထားများကို တင်ပြသည်-

(က) အပိုဒ် ၅ ၊ အပိုဒ်ခွဲ (ခ) ၊ (ဂ) နှင့် (ဃ)တွင် ဖော်ပြထားသည့် ဆန်းစစ်ချက်များကို ပြုလုပ်ရန်အတွက် Resources and Environmental Myanmar Ltd. နှင့် စီမံကိန်း အကောင်အထည်ဖော်သူတို့သည် ၁၉ / ၅ / ၂၀၁၄ ရက်နေ့က သဘောတူလက်မှတ် ရေးထိုးထားကြောင်း အထောက်အထား။ (နောက်ဆက်တွဲ 'င')

(ခ) စီမံကိန်းအကောင်အထည်ဖော်သူ ဆောင်ရွက်မည့်စီမံကိန်းအပေါ် Resources and Environmental Myanmar Ltd. မှ ပတ်ဝန်းကျင်နှင့် လူမှုအကျိုးသက်ရောက်မှုဆိုင်ရာ ဆန်းစစ်လေ့လာခြင်း ဆောင်ရွက်နေမှုအခြေအနေ တင်ပြချက်။ (နောက်ဆက်တွဲ 'င – ၁')

အခန်း – ၆
စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူ၏တာဝန်များ

၆။ စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူသည် -

(က) ဤနားလည်မှုစာချွန်လွှာနှင့် စပ်လျဉ်း၍ အပိုဒ် ၅ တွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်များကို စီမံကိန်း အကောင်အထည်ဖော်သူမှ လုပ်ဆောင်ရာ၌ လိုအပ်သော အကူအညီကိုပေးမည်။

(ခ) စီမံကိန်းလုပ်ငန်းတည်ရှိရာ ဧရိယာအတွင်း မြေအသုံးချမှုရရှိရေး ဆောင်ရွက်ပေးမည်။

(ဂ) လိုအပ်သော သတင်းအချက်အလက်များကို ကူညီပေးရမည်။

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ပေးမည်။

(င) စီမံကိန်းဆိုင်ရာ လျာထားသောဒေသများကို ဝင်ရောက်လေ့လာခွင့်ပြုမည်။

(စ) ဤစီမံကိန်းတွင် ပါဝင်ဆောင်ရွက်သော ပုဂ္ဂိုလ်နှင့် အသုံးပြုသော ပစ္စည်းများ၏ ကန့်သတ်ဇရိယာအတွင်း လုံခြုံရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည်။

(ဆ) ဤစီမံကိန်းတွင် လိုအပ်သော ယမ်းနှင့်ဆက်စပ်ပစ္စည်း (Detonator and fuse) စသည်တို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ တင်သွင်းခွင့် ၊ သယ်ယူခွင့် ၊ အသုံးပြုခွင့် ပြုပေးမည်။

(ဇ) ဤလုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ အခြားအာဏာပိုင်အဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် လိုအပ်သောဆွေးနွေးမှုများ ၊ ရှင်းလင်းတင်ပြမှုများ ပြုလုပ်ရာတွင် လုပ်ငန်း စီမံကိန်းအကောင်အထည်ဖော်သူအား အကူအညီပေးမည်။

အပိုင်း – ၇
စီမံကိန်းအကောင်အထည်ဖော်သူ၏တာဝန်များ

၇.၁ စီမံကိန်းအကောင်အထည်ဖော်သူသည် –

(က) ဤနားလည်မှုစာချွန်လွှာ၏ အပိုဒ် ၅ ဖော်ပြပါ လုပ်ငန်းစဉ်များကို (၆)လအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည် ၊

(ခ) မြေအသုံးချမှုရရှိရေးအတွက် ဆောင်ရွက်ရာတွင် ဒေသခံများ၏ ကျေနပ်သဘောတူညီမှု ရယူရမည် ၊

(ဂ) လုပ်ငန်းတိုးတက်မှု အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်ပြရမည် ၊

(ဃ) လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်များကို ကျခံရမည်၊

(င) ဤနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ရက်ပေါင်း (၆၀)အတွင်း လုပ်ငန်းများကို စတင်ဆောင်ရွက် ရမည် ၊

(စ) ဓာတ်အားပေးစက်ရုံဆိုင်ရာ အခြေခံအချက်အလက်များနှင့်စပ်လျဉ်း၍ တင်ပြရမည်။ (နောက်ဆက်တွဲ 'စ')

(ဆ) စီမံကိန်းအား အပိုင်းလိုက် လုပ်ငန်းဆောင်ရွက်မည့် အဆိုပြုစီမံချက် (Working schedule with phase by phase concept Plan .) ပြုစုတင်ပြရမည်။

၂၅၀ကျပ်

K 250

[illegible] အပိုင်း – ၈

[illegible] တုန်ကြွမ်းစုဆောင်းရရှိမှု

၈.၁ စီမံကိန်းတို [illegible] ရောထိပ်မီးသွေးသုံးဓာတ်အားစက်ရုံ (၁၀ မဂ္ဂါဝပ်၊ ၂ လုံး=၂၀ မဂ္ဂါဝပ်) လည်ပတ်နိုင်ရန် [illegible] ၁၀၆၅,၄၀၃ Metric tons ရှိကြောင်း တင်ပြရမည်။ (Department of Mining and [illegible] Facility of Engineering CHIANG Mai Humenily မှလေ့လာချက်စာစောင် [illegible]

၈.၂ စီမံကိန်း [illegible] ဖော်သူနှင့် တမ္ဘောဓစွမ်းအားသတ္တုတူးဖော်ရေးလုပ်ငန်းလီမိတက်တို့သည် တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ် မိုင်းတဲကျေးရွာအုပ်စုအတွင်းမှတူးဖော်ရရှိသည့် ကျောက်မီးသွေးများကို နှစ်ရှည်ရောင်းချရေး သဘောတူစာချုပ် ချုပ်ဆိုကြပါသည်။ (နောက်ဆက်တွဲ 'ဇ')

၈.၃ စီမံကိန်းအကောင်အထည်ဖော်သူမှ ၂၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ ရေရှည်လည်ပတ်နိုင်ရန် ကျောက်မီးသွေး စမ်းသပ်ရှာဖွေမှုများ ပြုလုပ်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

အပိုင်း – ၉


နားလည်မှုစာချွန်လွှာ၏ အကျိုးသက်ရောက်မှုနှင့် သက်တမ်း

၉။ ဤနားလည်မှုစာချွန်လွှာသည် စာချုပ်ဝင်များ လက်မှတ်ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။ နားလည်မှုစာချွန်လွှာ၏ သက်တမ်းသည် လက်မှတ်ရေးထိုးသည့်နေ့မှစ၍ (၆)လဖြစ်သည်။ ဤနားလည်မှုစာချွန်လွှာ၏ သက်တမ်းကို စာချုပ်ဝင်များ၏ သဘောတူညီချက် ၊ ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်နှင့်အညီ တိုးမြှင့်နိုင်သည်။

အပိုင်း – ၁၀

စာချုပ်အား လွှဲပြောင်းခြင်း

၁၀။ နှစ်ဦးနှစ်ဖက် ကြိုတင်သဘောတူခွင့်ပြုချက်မရဘဲ ဤစာချုပ်ပါသဘောတူသည့် လုပ်ငန်းအားလုံးကိုဖြစ်စေ၊ လုပ်ငန်း တစ်စိတ်တစ်ဒေသကိုဖြစ်စေ တတိယပုဂ္ဂိုလ် (Third Party)အား လွှဲပြောင်းခြင်း ၊ အပ်နှံဆောင်ရွက်ခြင်းတို့ကို မပြုလုပ်ရန်။



အပိုင်း – ၁၁
တစ်ချုပ်အား ပြင်ဆင်ဖြည့်စွက်ခြင်း

၁ ဤစာချုပ်အား တစ်ချုပ်ဝင်များ၏ နှစ်ဖက်စာဖြင့် သဘောတူညီမှုမပါဘဲ ပြင်ဆင်ခြင်း ၊ ဖြည့်စွက်ခြင်း လုံးဝမပြုလုပ်ရ။ ဤသဘောတူ စာချုပ်အားပြင်ဆင်ခြင်း ၊ ဖြည့်စွက်ခြင်းများသည် တစ်ချုပ်ဝင်များ၏ နှစ်ဖက်စာဖြင့် သဘောတူညီမှသာလျှင် အတည်ဖြစ်စေရမည်။

အပိုင်း – ၁၂
မလွန်ဆန်နိုင်သောဖြစ်ရပ်များ

၁၂.၁ မလွန်ဆန်နိုင်သောဖြစ်ရပ်များ ဆိုသည်မှာ သဘာဝအလျောက်ကြုံတွေ့နိုင်သည့်ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ကန့်သတ်တားမြစ်ချက်များ၊ ဘာရေးဥပဒေစိုးမိုးရေးနှင့် ငြိမ်းဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင် တစ်ဖက်ဖက်က လိုအပ်သောသတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန်မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး၊ ယင်းမလွန်နိုင်သောဖြစ်ရပ်များကြောင့် MOU ပါ လုပ်ငန်းစဉ်များကို ထိခိုက်မဆုံးရှုံးစေလျှင် စီမံကိန်းအကောင်အထည်ဖော်သူသည် စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူသို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခွင့်မရှိစေရ။

၁၂.၂ ထိုသို့မလွန်ဆန်နိုင်သော ဖြစ်ရပ်ပေါ်ပေါက်လာပါက ၊ ယင်းဖြစ်ရပ်ဖြစ်ပေါ်သည့်အချိန်မှ (၁၄)ရက်အတွင်း စီမံကိန်းအကောင်အထည်ဖော်သူသည် စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူသို့ ချက်ချင်းစာဖြင့် ရေးသားအကြောင်းကြားရမည်။ စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူကလက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သောဖြစ်ရပ်ပြောက်ပြီး၊လုပ်ငန်းနှင့်တိုက်ရိုက်သက်ဆိုင်သော ဖြတ်တောက်ကာလအပိုင်းအခြားအတွက် စီမံကိန်းအကောင်အထည်ဖော်သူ၏တာဝန်ကို သက်သာခွင့်ပြုနိုင်သည်။

အပိုင်း – ၁၃
ရုပ်စဲခြင်း

၁၃.၁ ဤစာချုပ်ကို အောက်ဖော်ပြပါအချက်အလက်များအနက် တစ်ခုခုဖြစ်ပေါ်လာပါက မည်သည့်ဖက်ကမဆို ရက်ပေါင်း

(၉၀). ကြိုတင်အသိပေးပြီး စာချုပ်ရုပ်စဲနိုင်သည်။

(က) ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု ၊ သဘာဝပတ်ဝန်းကျင်/ လူမှုရေးထိခိုက်မှု ဆန်းစစ်ချက်များအရ စီမံကိန်း ဖြစ်မြောက်နိုင်စွမ်းမရှိကြောင်း တွေ့ရှိခြင်း။

(ခ) ဤစီမံကိန်းကို ရက်ပေါင်း (၆၀)ပြည့်မြောက်ပြီးဖြစ်သော်လည်း စီမံကိန်းအကောင်အထည်ဖော်သူမှ စတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု မရှိသေးခြင်း။

(ဂ) မလွန်ဆန်နိုင်သောဖြစ်ရပ်တစ်ခုခု ပေါ်ပေါက်ပါက ရက်ပေါင်း (၉၀)ကာလနှင့်အထက် ဆက်တိုက်ဖြစ်ပွားနေခြင်းကြောင့် ဤနားလည်မှုစာချွန်လွှာပါ အချက်များအား လိုက်နာဆောင်ရွက်ရန် မဖြစ်နိုင်တော့ခြင်း။

(ဃ) တစ်ဖက်ဖက်မှ စာချုပ်ပါစည်းကမ်းချက်များအား ဖောက်ဖျက်ခြင်း။

(င) စာချုပ်သက်တမ်းကုန်ဆုံးခြင်း။

(စ) နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်ရယူ၍ စာချုပ်ကို ရပ်စဲနိုင်ခြင်း။

၁၃.၂ အထက်အပိုဒ် (စ)ပါအတိုင်း ရပ်စဲပါက ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ကို ရယူရမည်။

၁၃.၃ စာချုပ်ကိုရပ်စဲခြင်းအားဖြင့် စာချုပ်ပါ ရှေ့ဆက်လက်ဆောင်ရွက်ရမည့်တာဝန်ဝတ္တရားများ ၊ လုပ်ပိုင်ခွင့်များ ၊ လုပ်ငန်းဆောင်ရွက်ရန် အချက်အလက်များအားလုံး၊ လုံးဝပြီးပြတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အပိုင်း – ၁၄

အငြင်းပွားမှုတို့ဖြေရှင်းခြင်း

၁၄.၁ ဤသဘောတူစာချုပ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက်ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။

၁၄.၂ ထိုသို့ဖြေရှင်း၍မရပါက တည်ဆဲဥပဒေများနှင့်အညီ စီရင်ပိုင်ခွင့်ရှိ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်။

အပိုင်း– ၁၅

အထွေထွေ

၁၅.၁ လုပ်ငန်းအကောင်အထည်ဖော်သူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ဥပဒေများနှင့်စည်းမျဉ်းများကို လိုက်နာရမည်ဖြစ်ပြီး၊ စီမံကိန်းအကောင်အထည်ဖော်လျက်ရှိသော လုပ်ငန်းစဉ်တစ်ခုလုံးတွင်လည်း ဒေသဆိုင်ရာအစဉ်အလာများနှင့် ဓလေ့ထုံးတမ်းများကို လေးစားရမည်။

၁၅.၂ ဤနားလည်မှုစာချွန်လွှာ သက်တမ်းပြည့်ပြီး နောက်ရက်ပေါင်း (၉၀)အတွင်းတွင် နားလည်မှုစာချုပ် Memoradum of Agreement (M.O.A.) ကို ချုပ်ဆိုရမည်။

၁၅.၃ ဤစာချုပ်သည်သာလျှင် နှစ်ဦးနှစ်ဖက် အတည်ပြုထားသော သဘောတူညီချက် ဖြစ်သည်။ ဤကိစ္စ နှင့်ပတ်သက်၍ ယခင်ကနှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ သဘောတူညီချက်ရှိခဲ့လျှင် ထိုသဘောတူညီချက်များကို ဆက်လက်၍ အကျိုးသက်ရောက်မှု မရှိစေရ။

၂၅၀ကျပ် K 250

၁၅.၄ ဤစာချုပ်နှင့်[illegible]အခြားဆက်သွယ်မှုများကို တစ်ဦးကိုယ်တိုင် ၊ စကားပြောကြေးနန်း ၊ တဲလက်စ် ၊ [illegible]ကြေးနန်းတို့ဖြင့်ပေးပို့သူက ကျသင့်ငွေ ကြိုတင်ပေးချေ၍ ပေးပို့ရမည်။ ထိုသို့ဆက်သွယ်[illegible]ပါ လိပ်စာများအတိုင်း ဆက်သွယ်ဆောင်ရွက်ရမည်။

<u>စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူ</u>	<u>စီမံကိန်းအကောင်အထည်ဖော်သူ</u>
ဥက္ကဋ္ဌ	မန်နေဂျင်းဒါရိုက်တာ
ဦးစိုင်းထွန်းရင်	ဦးမောင်မောင်(ခေါ်)ဦးစိုင်းဝန်းပန်
ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး	အုပ်ချုပ်မှုဒါရိုက်တာ
ရှမ်းပြည်နယ်အစိုးရအဖွဲ့	မင်းခေတ်သစ်သတ္တုတူးဖော်ရေး
တောင်ကြီးမြို့	ကုမ္ပဏီလီမိတက်
ဖုန်း၊ ၀၈၁-၂၀၁၉၀၆၊ ၀၉-၅၂၀၃၇၇	ဖုန်း၊ ၀၉-၅၂၁၉၃၆
ဖက်စ်၊ ၀၈၁-၂၀၁၉၀၅	ဖက်စ်၊ ၀၈၄-၅၁၂၁၈

၁၅.၅ တစ်ဖက်မှတစ်ဖက်သို့ ဆက်သွယ်သောစာများကို လက်ခံရရှိကြောင်း ပြန်ကြားရမည်။

၁၅.၆ ဤနားလည်မှုစာချွန်လွှာအား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၊ ၂၅ ရက်နေ့တွင် အောက်ပါအသိသက်သေများရှေ့၌ လက်မှတ် ရေးထိုးကြပါသည်။

စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူ(ကိုယ်စား)		**စီမံကိန်းအကောင်အထည်ဖော်သူ(ကိုယ်စား)**	
၁။		၁။	
လက်မှတ်	(signature) 25/7/14	လက်မှတ်	(signature) 25.7.14
အမည်	ဦးစိုင်းထွန်းရင်	အမည်	ဦးမောင်မောင်(ခေါ်)ဦးစိုင်းဝန်းပန်
ရာထူး	ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး	ရာထူး	အုပ်ချုပ်မှုဒါရိုက်တာ
ဌာန	ရှမ်းပြည်နယ်အစိုးရအဖွဲ့ တောင်ကြီးမြို့	ဌာန	မင်းခေတ်သစ်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်

တွဲနိုင်တို့၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ်
K 250

အသိသက်သေများ

၁။
လက်မှတ် ____________________
အမည် ဦးစိုင်းဆာလူ
ရာထူး ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး
ဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့
တောင်ကြီးမြို့

၂။
လက်မှတ် ____________________
အမည် ဦးစိုင်းအိုက်ပေါင်း
ရာထူး ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီး
ဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့
တောင်ကြီးမြို့

၃။
လက်မှတ် ____________________
အမည် ဦးစိုင်းလှဝင်း
ရာထူး ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး
ဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့
တောင်ကြီးမြို့

၄။
လက်မှတ် ____________________
အမည် ဦးမြင့်အောင်
ရာထူး အတွင်းရေးမှူး
ဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့
တောင်ကြီးမြို့

၁။
လက်မှတ် ____________________
အမည် ဦးဝင်းလွင်ဦး
ရာထူး ဒါရိုက်တာ
ဌာန မင်းခေတ်သစ်သတ္တုတူးဖော်ရေး
ကုမ္ပဏီလီမိတက်

၂။
လက်မှတ် ____________________
အမည် Thanun Sata[illegible]
ရာထူး Assistant Mana[illegible]ector
ဌာန Thai Nondestructive Testing Co;Ltd

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
ငွေတစ်သောင်းကျပ်
၁၀၀၀၀ ကျပ် K 10000

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု ကျောက်လှိုင်ဂူ ကျေးရွာအနီး (၂၀)မဂ္ဂါဝပ် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း ၊ ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း တည်ဆောက်ရေးအတွက် ချုပ်ဆိုသည့် သဘောတူညီမှု စာချုပ်

Memorandum Of Agreement (M.O.A.)

ဤသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ ဧပြေဧပြီလ (၁၉)ရက်နေ့တွင် ဦးစိုင်းထွန်းရှင် ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး၊ ကိုယ်စားပြုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ (နောင်တွင် " စီမံကိန်း အကောင်အထည်ဖော်ခွင့်ပြုသူ "ဟု ရည်ညွှန်းခေါ်ဆိုမည် ဖြစ်ပြီး ယင်းစကားရပ်တွင် ၎င်းအားဆက်ခံသူများ ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်) ကတစ်ဖက်

နှင့်

ဦးမောင်မောင်(ခေါ်)ဦးစိုင်းဝေနံပန်၊ အုပ်ချုပ်မှုဒါရိုက်တာကိုယ်စားပြုသော မင်းဇေယျာသစ်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် (နောင်တွင် " စီမံကိန်းအကောင်အထည်ဖော်သူ "ဟုခေါ်ဆိုမည် ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအားဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ဥပဒေအရလွှဲအပ်ခြင်းခံရသူများ ပါဝင်သည်)က အခြားတစ်ဖက်တို့သည် သဘောတူညီမှုစာချုပ် (M.O.A.)ကို ချုပ်ဆိုကြပါသည်။


အပိုင်း - ၁
ရည်ရွယ်ချက်

၁။ အောက်ပါအတိုင်း ရည်ရွယ်ချက်ထားရှိပါသည် -

၁.၁ ရှမ်းပြည်နယ်အစိုးရအဖွဲ့ သည် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်း၊ ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းကို ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုအား (တည်ဆောက်၊ ပိုင်ဆိုင်၊ လုပ်ကိုင်)စနစ် (Build, Own, Operate)B.O.O. ဖြင့်ဆောင်ရွက်စေရန် ရည်ရွယ်ချက်ဖြင့် လည်းကောင်း၊

၁.၂ မင်းဇေယျာသစ်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်အနေ နှင့် မြန်မာနိုင်ငံအတွင်း (တည်ဆောက် ပိုင်ဆိုင်၊ လုပ်ကိုင်)စနစ် (Build, Own.Operate) B.O.O.ပုံစံအနေဖြင့် ကျောက်မီးသွေးသုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံ စီမံကိန်း၊ ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းကို ပါဝင်ဆောင်ရွက် အကောင်အထည် ဖော်ရန် ဆန္ဒရှိသဖြင့်လည်းကောင်း၊

၁.၃ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၊ တာချီလိတ်မြို့နယ် ၊ မိုင်းဟဲကျေးရွာအုပ်စု ၊ ကျောက်လှိုင်ဂူကျေးရွာ အနီး ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း၊ ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း ၊



(၂၀)မဂ္ဂါဝပ် (၁၀ မဂ္ဂါဝပ်၊ ဝက်၂ လုံး) ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီး ထွက်ရှိလာသော လျှပ်စစ်ဓါတ်အားကို ဒေသအတွင်းအသုံးပြုကာ ပိုလျှံသောဓါတ်အားကို နိုင်ငံတော်ပိုင် ဓါတ်အား ပို့လွှတ်သည့် မဟာဓါတ်အားလိုင်းအတွင်း၊ ထည့်သွင်းရန်လည်းကောင်း ရည်မှန်းချက် ထားရှိပါသည်။

အပိုင်း - ၂

အဓိပ္ပာယ်ဖွင့်ဆိုချက်

၂။ ဤနားလည်မှုတစ်ခုခွန်လွှာတွင် ဖော်သုံးမည့်စကားရပ်များအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ အောက်ပါ အတိုင်းဖြစ်သည်-

၂.၁ **ပြည်နယ်အစိုးရ** ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

၂.၂ **ပြည်နယ်ဝန်ကြီး** ဆိုသည်မှာ ရှမ်းပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီးကို ဆိုသည်။

၂.၃ **စီမံကိန်း** ဆိုသည်မှာ တာချီလိတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စု ၊ ကျောက်လှိုင်ဂူကျေးရွာ အနီး ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းနှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

၂.၄ **လျှပ်စစ်ဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားနှင့် စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း၊ ဖလှယ်ခြင်း၊ ဓာတ်အားစနစ်ကွပ်ကဲခြင်း၊ လျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း စစ်ဆေးခြင်းများကို ဆိုသည်။

၂.၅ **လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုနိုင်သည့် လုပ်ပိုင်ခွင့်ကို ဆိုသည်။

၂.၆ **ခွင့်ပြုမိန့်** ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်ရန် ပြည်နယ်အစိုးရ က ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

၂.၇ **စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူ** ဆိုသည်မှာ တာချီလိတ်မြို့နယ် ၊ မိုင်းဟဲကျေးရွာအုပ်စု ၊ ကျောက်လှိုင်ဂူကျေးရွာအနီး ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းနှင့် လျှပ်စစ် ဆိုင်ရာ လုပ်ငန်းအဝဝကိုဆောင်ရွက်ရန် စီမံကိန်းအကောင်အထည်ဖော်သူထံသို့ အပ်နှံခွင့်ပြုသည့် ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ကိုဆိုသည်။

၂.၈ စီမံကိန်းအကောင်အထည်ဖော်သူ ဆိုသည်မှာ တာနိုလိတ်ဖြို့နယ်၊ ဝိုင်းပဲကျေးရွာအုပ်စု၊ ကျောက်လှိုင်ဂူကျေးရွာအနီး ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းနှင့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းအဝဝကိုဆောင်ရွက်ရန် အပ်နှံခြင်းခံရသည့်ကုမ္ပဏီကို ဆိုသည်။

၂.၉ ဒေသဆိုင်ရာလျှပ်စစ်ဓာတ်အားစနစ် ဆိုသည်မှာ ပဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်မှုမရှိဘဲ နယ်နိမိတ်တစ်ခုအတွင်း၌ သီးခြားစနစ်တစ်ခုအဖြစ် ဓာတ်အားပေးနေသော လျှပ်စစ်ဓာတ်အားစနစ် ကို ဆိုသည်၊

၂.၁၀ မီးလင်းရေးကော်မတီ ဆိုသည်မှာ ခရိုင်အတွင်းနေထိုင်သည့် ပြည်သူများ၏ အထောက်အကူ အဖွဲ့ရှင်ဘာနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦအတွင်း မီးရရှိရေးအတွက် ဆောင်ရွက်ပေးသည့် ကော်မတီကို ဆိုသည်။ တာနိုလိတ်ခရိုင်မီးခန့်ခွဲရေးကော်မတီသည် ခရိုင်မီးလင်းရေးကော်မတီ ဖြစ်သည်။

၂.၁၁ တချပ်ဝင်များ ဆိုသည်မှာ ဤသဘောတူညီချက်စာချုပ်တွင် ဖော်ပြထားသည့် " စီမံကိန်း အကောင်အထည်ဖော်ခွင့်ပြုသူ " နှင့် " စီမံကိန်းအကောင်အထည်ဖော်သူ "တို့အား ရည်ညွှန်းဖော်ပြ သည့်စကားရပ် ဖြစ်သည်။

၂.၁၂ ဖြစ်နိုင်ခြေလေ့လာမှု (Feasibility Study) ဆိုသည်မှာ အဆိုပြုစီမံကိန်းတစ်ခု၏ ဖြစ်နိုင်ခြေများ နှင့် ဝယ်လျှင်း၍ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်ကို အထောက်အကူပြုရန် လိုအပ်သည့် စုံဝင်လေ့လာမှုနှင့် သုတေသနပြုမှုကို အခြေပြု၍ အကဲဖြတ်ခြင်းနှင့် အနုစိတ်လေ့လာခြင်းကို ဆို သည်။ ဖြစ်နိုင်ခြေလေ့လာမှု(Feasibility Study)တွင် ဆိုရာတွင် အောက်ပါနယ်ပယ်များကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။

(၁) နည်းပညာနှင့်စနစ်ဖြစ်နိုင်ခြေ (Technology and system Feasibility)

(၂) ဥပဒေအရ ဖြစ်နိုင်ခြေ (Legal Feasibility)

(၃) လုပ်ငန်းဆောင်ရွက်မှုဖြစ်နိုင်ခြေ (Operational Feasibility)

(၄) စီးပွားရေးအရ ဖြစ်နိုင်ခြေ (Economic Feasibility)

(၅) အချိန်ဇယားဖြစ်နိုင်ခြေ (Schedule Feasibility)

အပိုင်း -၃

ဤစာချုပ် ချုပ်ဆိုရခြင်း

၃.၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနနှင့် ယင်းခေတ်သစ်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်တို့သည် နားလည်မှုစာချွန်လွှာ (M.O.U.)ကို ၂၀၁၄ ခုနှစ် ဇူလိုင်လ (၂၅)ရက်နေ့တွင် ချုပ်ဆိုခဲ့ကြပါသည်။

၃.၂ ယင်းနားလည်မှုစာချွန်လွှာ (M.O.U.)အရ ယင်းခေတ်သစ် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ တာချီလိတ်မြို့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းအပေါ် ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာ (Feasibility Report)၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်း ကျင်သက်ရောက်မှု အကဲဖြတ်ခြင်းအစီရင်ခံစာ Environmental Social Impact and Assessment Report Environmental Management Plan အပေါ် Financial Analysis Report နှင့် Power Plant Conceptual Plan Reports ကို Third Party မှ ဆောင်ရွက်တင်ပြရန် သဘောတူညီချက်ရှိရာ ဤသဘောတူညီမှုစာချုပ် (M.O.A.)တွင် ၎င်းအစီရင်ခံစာများကို နောက်ဆက်တွဲ များအဖြစ် တင်ပြပါသည်။

၃.၂ နားလည်မှုစာချွန်လွှာ၏ သက်တမ်းကို (၆)လ ပြည့်ပြီးနောက် သဘောတူညီမှုစာချုပ် (M.O.A.) ကို ရက်ပေါင်း (၉၀)အတွင်း ချုပ်ဆိုကြမည်ဟု သဘောတူခဲ့ကြရာ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ (၁၀မဂ္ဂါဝပ်+၁၀မဂ္ဂါဝပ်) ၂၀မဂ္ဂါဝပ် စီမံကိန်းအတွက် ဤသဘောတူညီမှုစာချုပ် ကို ချုပ်ဆိုရန် အကြောင်းဖြစ်ပေါ်လာသည့်အတွက် ချုပ်ဆိုကြခြင်းဖြစ်ပါသည်။

အပိုင်း – ၄

ကိုယ်စားပြုခြင်းနှင့် အာမခံခြင်း

၄။ ဤသဘောတူစာချုပ်ကိုချုပ်ဆိုကြသော စာချုပ်ဝင်များသည် ဤစာချုပ်ကို ချုပ်ဆိုရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ စာချုပ် ချုပ်ဆိုခွင့်ရှိကြောင်း၊ လုပ်ပိုင်ခွင့် အခွင့်အာဏာရှိကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်သူသည် စီးပွားရေးအရ ခိုင်မာ တောင့်တင်းမှုရှိကြောင်း အသီးသီးကိုယ်စားပြု အာမခံကြသည်။

၄.၁ စီမံကိန်းအကောင်အထည်ဖော်သူမှ အောက်ပါအထောက်အထားများကို တင်ပြရမည် -

(က) ကုမ္ပဏီနှင့် စပ်လျဉ်း၍ အထောက်အထားများ။ (နောက်ဆက်တွဲ 'က')

(ခ) ပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်းလုပ်ဆောင်ခွင့်ပြုသည့်အထောက်အထား။(နောက်ဆက်တွဲ 'ခ')

(ဂ) စီမံကိန်းလုပ်ဆောင်ခွင့်ပြုသည့်မြေဧရိယာ (၂၅)ကေအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှင့် လယ်ယာထုတ်ကုန်ဖွံ့ဖြိုးရေးလုပ်ငန်း ရန်ပုံငွေ (ငွေစာရင်းအမှတ်-CF002512)သို့ ငွေသိန်း (၂၅၀)(သိန်းနှစ်ရာ့ငါးဆယ်) ပေးသွင်းသည့်အထောက်အထား(နောက်ဆက်တွဲ 'ဂ')

အပိုင်း - ၅

စီမံကိန်းတည်နေရာနှင့် အကျယ်အဝန်း

၅။ ဤစီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် စီမံကိန်းတည်ရှိရာနေရာ နှင့် အကျယ်အဝန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) တာချီလိတ်မြို့နယ်၊ ခိုင်တဲကျေးရွာအုပ်စု၊ ခိုင်တဲကျေးရွာ၊ ကျောက်လှိုင်ဂူအနီး၊ ခန့်မှန်း မြေပုံ အညွှန်း 93P–14 (A -LU.805928, C-LU.810926, D -LU.808922, E -LU. 807926) ရှိမြေဧရိယာကေ (၂၅)ကေ ၊

(ခ) နောက်ဆက်တွဲများမှာ -

(၁) ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် တည်နေရာပြ မြေပုံကြမ်း။ (နောက်ဆက်တွဲ 'ဃ')

(၂) ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေနေရာပြမြေပုံ (နောက်ဆက်တွဲ 'ဃ-၁')

(၃) ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေနေရာ၏ မှတ်တမ်း ဓါတ်ပုံများ။ (နောက်ဆက်တွဲ 'ဃ-၂')

အပိုင်း -၆

စီမံကိန်းတည်ဆောက်မှုကာလ

၆.၁ ဤသဘောတူစာချုပ်ကို စာချုပ်ဝင်များလက်မှတ်ရေးထိုးသည့်နေ့ရက်မှစ၍ စီမံကိန်းတည်ဆောက်မှုကာလသည် (၄၂)လဖြစ်သည်။

၆.၂ စီမံကိန်းတည်ဆောက်မှုကာလ (၄၂)လကို စာချုပ်ဝင်များ၏ သဘောတူညီချက် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်နှင့်အညီ သက်တမ်းတိုးမြှင့်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
ငွေတစ်သောင်းကျပ်
၁၀၀၀၀ ကျပ် K 10000

အပိုင်း – ၇

စာချုပ်သက်တမ်း

၇.၁ ဤသဘောတူစာချုပ်၏ မြေငှားသက်တမ်းမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုသည့် နေ့မှစ၍ နှစ်ပေါင်း ၅၀ ဖြစ်ပြီး၊ နောက်ထပ်တစ်ကြိမ်လျှင် (၁၀)နှစ်နှင့် နှစ်ကြိမ်-မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် သက်တမ်းတိုးနိုင်ပါသည်၊ သို့ဖြစ်၍မြေငှားသက်တမ်းသည် နှစ် (၇၀)ဖြစ်သည်။

၇.၂ မြေငှားသက်တမ်း နှစ် ၇၀ ကျော်လွန်ပါက နှစ်ဖက်စာချုပ်ဝင်များ ညှိနှိုင်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် သို့မဟုတ် အခွင့်အရေးလုပ်ပိုင်ခွင့်ရှိသည့် အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် မြေငှားသက်တမ်း တိုးနိုင်သည်။

၇.၃ ဤစာချုပ်သက်တမ်းသည် မြေငှားသက်တမ်းနှင့် သက်တမ်းတူဖြစ်သည်၊

အပိုင်း – ၈

ရင်းနှီးမြှုပ်နှံမှုပမာဏ

၈.၁ စီမံကိန်းအကောင်အထည်ဖော်သူသည် ဤကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်း တည်ဆောက်မှု လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုငွေပမာဏအဖြစ် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ (၅၉) သန်း ကျခံသုံးစွဲရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး ရင်းနှီးငွေတစ်ရပ်လုံးကို စီမံကိန်းအကောင်အထည်ဖော်သူ မှ ကျခံရမည်။

အပိုင်း – ၉

မြေအသုံးချမှုပရီမီယံကြေး

၉.၁ စီမံကိန်းအကောင်အထည်ဖော်သူသည် မြေအသုံးချမှုပရီမီယံကြေးကို မြေတစ်ဧကလျှင် ကျပ် (၃၀.၀၀.၀၀၀/-) (သိန်းသုံးဆယ်နှုန်း)ဖြင့် မြေ (၂၅) ဧကအတွက် (၇၅၀.၀၀.၀၀၀/-)ကျပ် (ကျပ်သိန်းခုနစ်ရာငါးဆယ်)ကျပ်ကို ဤစာချုပ်ချုပ်ဆိုပြီးသည့်နေ့မှစ၍ (၆)လအတွင်း ပြည်နယ်အစိုးရက သတ်မှတ်သည့်နည်းလမ်းအတိုင်း ပေးသွင်းရမည်။

၉-၂ စီမံကိန်းအကောင်အထည်ဖော်သူသည် (၆-၄-၂၀၁၄) ရက်နေ့တွင် မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းအမှတ် CF 002512 သို့ ကျပ်ငွေသိန်း (၂၅၀) ကို မြေအသုံးချမှုပရီမီယံကြေးအဖြစ် ပေးသွင်းပြီးဖြစ်သဖြင့် ကျပ်သိန်း (၅၀၀)ကို မြေအသုံးချမှုပရီမီယံကြေး အပိုဒ် ၉.၁ အရ ပေးသွင်းမည်ဖြစ်သည်။

အပိုင်း - ၁၀
မြေငှားရမ်းခ

၁၀.၁ မြေငှားရမ်းခအဖြစ် တစ်နှစ် တစ်ဧကလျှင် ကျပ် ၅၀.၀၀၀ နှုန်းဖြင့် စုစုပေါင်းဧရိယာ (၂၅) ဧက အတွက် ကျပ် (၁,၂၅၀,၀၀၀/-) (ဆယ့်နှစ်သိန်းငါးသောင်း)ကျပ်ကို နှစ်ဦးနှစ်ဖက် လက်မှတ် ရေးထိုးပြီး ရက်ပေါင်း (၆၀)အတွင်း ပေးသွင်းရမည်၊

၁၀.၂ မြေငှားရမ်းခ နှုန်းထားများကို (၅)နှစ်တစ်ကြိမ် ပြန်လည်ပြင်ဆင်သတ်မှတ်ရန်နှင့် ငှားရမ်းခ နှုန်းထားကို ကာလဒေသပေါက်ဈေးနှင့် နှစ်ဘက်ညှိနိုင်း၍ လက်ရှိစာချုပ် ပါ ငှားရမ်းခ၏ ၁၀% ထက်မပိုသော နှုန်းထားဖြင့် ပြန်လည်ပြင်ဆင်သတ်မှတ်ရမည်။

၁၀.၃ နှစ်ဖက်စာချုပ်ဝင်များသည် မြေငှားရမ်းခြင်းနှင့်ပတ်သက်၍ သီးခြားသဘောတူစာချုပ် ချုပ်ဆိုနိုင်သည်၊

အပိုင်း - ၁၁
စီမံကိန်းအကောင်အထည်ဖော်သူ၏အခွင့်အရေးနှင့်တာဝန်များ

၁၁.၁ စီမံကိန်းအကောင်အထည်ဖော်သူ သည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ၎င်း၏ အကျိုးအမြတ်များကို ဝယ်ယူခြင်း ထိန်းသိမ်း။ ရောင်းချခွင့်ရှိခြင်း။

(ခ) မှတ်ပုံတင်ခြင်း။ လုပ်ငန်းလည်ပတ်မောင်းနှင်ခြင်းနှင့် ထိန်းသိမ်းခြင်း

(ဂ) စီမံကိန်းရေးဆွဲခြင်း။ အကောင်အထည်ဖော်ခြင်း။ ဝိုင်းတာခြင်း။ ဒီဇိုင်းရေးဆွဲခြင်း။ ရင်းနှီး မြှုပ်နှံခြင်း။ တည်ဆောက်ခြင်း။ ကြီးကြပ်ကွပ်ကဲခြင်း။ လည်ပတ်မောင်းနှင်ခြင်း။ ထိန်းသိမ်းပြုပြင် ခြင်းနှင့် စီမံခန့်ခွဲခြင်း။

(ဃ) စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် အတည်ပြုချက်ရယူခြင်း။ သဘောထားရယူခြင်း ၊ လိုင်စင်များရယူခြင်းနှင့် အသစ်လဲလှယ်ခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း။

(င) သဘောတူစာချုပ် (M.O.A.) ရေးထိုးပြီးသည်နှင့် လုပ်ငန်းခွင်အတွင်းတွင်လည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သည့်နေရာတွင်လည်းကောင်း မြေပြုပြင်ခြင်း။ အဆောက်အအုံပိုင်းနှင့် ဆက်စပ်လျက် ရှိသည့်နေရာများတွင် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(စ) စီမံကိန်းလုပ်ငန်းမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားကို ရောင်းချနိုင်ရေး[illegible] ဆောင်ရွက်ခြင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀၀၀ ကျပ် ငွေတစ်သောင်းကျပ် K 10000

(ဆ) မြေအသုံးပြုခွင့်အား ဥပဒေနှင့်အညီ အသုံးပြုဆောင်ရွက်ခြင်း။

(ဇ) စီမံကိန်းတည်နေရာပတ်ဝန်းကျင်ရှိ လမ်းကြီးများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုခြင်း။

(ဈ) စီမံကိန်းအတွက် ဓာတ်နှင့် ဓာတ်ပစ္စည်းများ သယ်ဆောင်ခြင်းကို ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း။

(ည) စီမံကိန်းအကောင်အထည်ဖော်သူ၏ အမြတ်ငွေစုအား အသိပေးခြင်းနှင့် ခွဲဝေပေးခြင်းတို့ကို ဆောင်ရွက်ခြင်း။

(ဋ) စီမံကိန်းတည်ဆောက်ရေးကာလတွင် လိုအပ်ချက်များဖြစ်သော ဆက်သွယ်ရေးကိရိယာများ၊ တည်ဆောက်ရေးသုံးကိရိယာများ၊ ကွန်ကရစ်ဖျော်စက်များ၊ ဓာတ်ပစ္စည်းတပ်ဆင်မှုညှိ အလုပ်ရုံများ၊ ရေအသုံးပြုမှု၊ လောင်စာဆီနှင့် ချောဆီများ၊ သယ်ယူအသုံးပြုခြင်းနှင့် ဆေးဝါး အသုံးပြုမှုများကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း။

၁၁.၂ စီမံကိန်းအကောင်အထည်ဖော်သူသည် ဓာတ်ရုံမှထုတ်လုပ်သည့်ဓာတ်အားကို လက်ရှိကာဗိုလိတ်ပြီး ဓာတ်အားသုံးစွဲသည့်စနစ်နှင့်ကိုက်ညီသော ချိတ်ဆက်နိုင်သော ဗို့အားအဆင့်ဖြင့် ဓာတ်အားလိုင်း တည်ဆောက်ခြင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၁.၃ ဓာတ်အားပေးစက်ရုံ လည်ပတ်ဖောင်းနှင်သည်နှင့် ကာဗိုလိတ်ပြီး၏ လက်ရှိဓာတ်အား သုံးစွဲစနစ်မှ အား တစ်စုံတစ်ရာပြုပြင်ပြောင်းလဲရန်မလိုဘဲ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးနိုင်ရမည်။

၁၁.၄ စီမံကိန်းအကောင်အထည်ဖော်သူသည် တည်ဆောက်ရေးကာလအတွင်း ဓာတ်တပ်ဆင်သော လုပ်ငန်း ကိစ္စအတွက် နိုင်ငံခြားသားပညာရှင်အဆင့် (၁၀)ဦးခန့်နှင့် ကျွမ်းကျင်လုပ်သား (၃၀)ဦးခန့် (လုပ်ငန်း တည်ဆောက်ရေးအများဆုံးလုပ်ကိုင်သည့်ကာလ)တွင် ခေါ်ယူလုပ်ကိုင်ဆောင်ရွက်ရမည်။ ၎င်းပညာရှင် များနှင့် ကျွမ်းကျင်လုပ်သားများသည် မြန်မာနိုင်ငံတွင် နေထိုင်စဉ်ကာလအတွင်း မြန်မာနိုင်ငံ၏တည်ဆဲ ဥပဒေများကို လေးစားလိုက်နာရန်အတွက် စီမံကိန်းအကောင်အထည်ဖော်သူက တာဝန်ယူဆောင်ရွက် ရန်။

၁၁.၅ စီမံကိန်းအကောင်အထည်ဖော်သူ သည် တည်ဆောက်ရေးကာလတွင် တိုင်းရင်းသားပညာရှင် အဆင့် (၁၀)ဦးခန့် ၊ ကျွမ်းကျင်လုပ်ငန်း (၃၀)ဦးခန့် နှင့် အထွေထွေလုပ်သား (၃၀၀)ဦးခန့် (လုပ်ငန်း တည်ဆောက်ရေးအများဆုံးလုပ်ကိုင်သည့်ကာလ)တွင် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP
ငွေတစ်သောင်းကျပ်
၁၀၀၀၀ ကျပ် K 10000

၁၁.၆ စီမံကိန်းအကောင်အထည်ဖော်သူသည် နိုင်ငံခြားမှ ဝက်ပစ္စည်းများကို နိုင်ငံတော်မှ ခွင့်ပြုထားသည့် သယ်ယူပို့ဆောင်မှုလမ်းကြောင်းများမှ တင်သွင်းဆောင်ရွက်ရမည်၊

၁၁.၇ နိုင်ငံတော်မှ ပြဋ္ဌာန်းသည့်ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ နှင့် ပတ်ဝန်းကျင်ဆိုင်ရာအမိန့် ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို စီမံကိန်း အကောင်အထည်ဖော်သူ မှ လိုက်နာဆောင်ရွက်ရမည်၊

၁၁.၈ စီမံကိန်းအကောင်အထည်ဖော်သူသည် အောက်ဖော်ပြပါအချက်များနှင့်အညီ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ရမည် -

(က) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်လေ့လာချက် (Environmental Impact Assessment - E.I.A.) နှင့်ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးတို့အပေါ် ထိခိုက်မှု ဆန်းစစ် လေ့လာချက် (Social Impact Assessment - SIA)လုပ်ငန်းစဉ်များ ဆောင်ရွက်သွားရန်၊

(ခ) အပိုဒ် (က)ပါ လေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့်လုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေစသည်တို့ ပါဝင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် (Environmental Management Plan) ရေးဆွဲ၍ ဆောင်ရွက်သွားရန်၊

(ဂ) လေထု၊ ရေထုညစ်ညမ်းမှုအား ထိန်းသိမ်းကာကွယ်မည့်အစီအမံများ ဆောင်ရွက်ရန်၊

(ဃ) ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးဆောင်ရွက်မည့် အစီအမံများ ရေးဆွဲဆောင်ရွက်သွားရန်၊

(င) စီမံကိန်းနှင့်ဝပ်လျှိုး၍ လိုအပ်ပါက ဒေသခံပြည်သူများသိရှိနားလည်စေရန် ရှင်းလင်း ဆွေးနွေးပြီး အကြံပြုတင်ပြချက်များ ရယူထည့်သွင်းဆောင်ရွက်သွားရန်။

၁၁.၉ စီမံကိန်းအကောင်အထည်ဖော်သူ သည် အပိုဒ် ၁၁.၈ ဖော်ပြပါတို့ကို ပြုလုပ်ဆောင်ရွက်ပြီး ယင်းဆောင်ရွက် ပြီးစီးမှုအခြေအနေကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းနှင့် သစ်တော ရေးရာဝန်ကြီးဌာနသို့ ပေးပို့အစီရင်ခံရမည်။

၁၁.၁၀ စီမံကိန်းအကောင်အထည်ဖော်သူသည် ရှမ်းပြည်နယ်အစိုးရနှင့်ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာနတို့၏ ညွှန်ကြားချက်များအရလည်းကောင်း ၊ စီမံကိန်း၏ပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan)အရ ဖွဲ့စည်းထားသော ကော်မတီ၏ အနီးကပ်ကွပ်ကဲမှုဖြင့်လည်းကောင်း သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင် သက်ရောက်မှုများ ကို ဆောင်ရွက်ပါရမည်၊

၁၁.၁၁ စီမံကိန်းအကောင်အထည်ဖော်သူ သည် ရှမ်းပြည်နယ်အစိုးရနှင့် စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူတို့အားလည်းကောင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူးများ စီမံကိန်းဦးစီးမှူးများတို့အားလည်းကောင်း စီမံကိန်းဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာကို တည်ဆောက်ရေးကာလအတွင်း (၃)လတစ်ကြိမ် ပေးပို့တင်ပြရမည်။

၁၁.၁၂ စီမံကိန်းအကောင်အထည်ဖော်သူသည် မြေ (၂၅)ကေနှင့် စပ်လျဉ်း၍ -

(က) ဤသဘောတူစာချုပ်တွင်ပါရှိသော စည်းကမ်းချက်များနှင့်အညီ သတ်မှတ်ထားသော လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရမည်၊

(ခ) သတ်မှတ်ထားသောမြေငှားရမ်းခနှင့် အခြားအခွန်အခများကို အချိန်မှီ မပျက်မကွက် ပေးသွင်းရမည်၊


(ဂ) ဤသဘောတူစာချုပ်ပါ လုပ်ငန်းမှအပ အခြားသောလုပ်ငန်းတစ်ခုခုကို ငှားရမ်းသည့်မြေပေါ်တွင် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရပါ။

(ဃ) ငှားရမ်းသည့်ကာလအတွင်း အဆောက်အဦများတိုးချဲ့ခြင်း၊ အရန်ထားရှိသည့် မြေနေရာကို အသုံးပြုလိုခြင်းစသည့် ပြောင်းလဲဆောင်ရွက်ရန်ကိစ္စများ ဖြစ်ပေါ်လာပါက စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူထံသို့ စီမံချက်ရေးဆွဲ၍ ကြိုတင်အသိပေးလျက် ခွင့်ပြုချက်ရယူရမည်။

(င) ဤသဘောတူစာချုပ်ပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်ဆင့်ငှားရမ်းခြင်း၊ အခြားသော ပုဂ္ဂိုလ်/အဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရပါ၊

(စ) ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ခြင်း၊ အရင်းအနှီးငွေများရယူခြင်း၊ ချေးငွေများရယူခြင်း ကိစ္စများကို စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူသို့ တရားဝင်အသိပေးရမည်၊

(ဆ) မြေကိုငှားရမ်းသုံးစွဲနေစဉ်ကာလအတွင်း ယင်းမြေမှအစိုးတန်ရတနာပစ္စည်းများ၊ ရှေးဟောင်း သမိုင်းဝင်ပစ္စည်း စသည့် အဖိုးတန်သယံဇာတပစ္စည်းများရရှိပါက မိမိလုပ်ငန်းကို ဆက်လက် လုပ်ကိုင်ခြင်း မပြုဘဲ ခေတ္တရပ်နားထားပြီး စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူထံသို့ ချက်ချင်းအသိပေး အကြောင်းကြားရမည်။



၁၁.၁၃ ဓိပ်ကိန်းအကောင်အထည်ဖော်သူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် -

(က) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကို စီးပွားအဖြစ် စတင်သည့်နှစ်အပါအဝင် တစ်ဆက်တည်း (၅)နှစ်အထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ရှိသည်။

(ခ) လုပ်ငန်းစတင်တည်ဆောက်မှုကာလအတွင်း အမှန်တကယ်အသုံးပြုရန် လိုအပ်၍ ပြည်ပမှ တင်သွင်းသော ယာဉ်ယန္တရား၊ ကော်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင်တန်ဆာပလာ၊ စက်ကိရိယာ အစိတ်အပိုင်း၊ ကော်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများ အပေါ်တွင် အကောက်ခွန်ဖြစ်စေ၊အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တို့ကို ကင်းလွတ်ခွင့်ရှိသည်၊

၁၁.၁၄ ဓိပ်ကိန်းအကောင်အထည်ဖော်သူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ -

(က) မိမိ၏ အစုရှယ်ယာ အချို့ကိုသော်လည်းကောင်း ၊ အားလုံးကိုသော်လည်းကောင်း ၊ နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းရောင်းချမည် ဆိုပါက ဆောင်ရွက်ခွင့်ရှိသည်၊

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခုနှင့် ဖက်စပ်လုပ်ငန်း တည်ထောင်လုပ်ကိုင်လိုပါက လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်၊

အပိုင်း -၁၂

ဓိပ်ကိန်းအကောင်အထည်ဖော်ခွင့်ပြုသူ၏အခွင့်အရေးနှင့်တာဝန်များ

၁၂.၁ ဓိပ်ကိန်းအကောင်အထည်ဖော်ခွင့်ပြုသူသည် ဓိပ်ကိန်း၊ (၂၀ မဂ္ဂါဝပ်) (၁၀မဂ္ဂါဝပ်၊ ဝက် (၂)လုံး) ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းနှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးနိုင်ခွင့်ရှိသည်၊

၁၂.၂ ဓိပ်ကိန်းအကောင်အထည်ဖော်ခွင့်ပြုသူ သည် စက်ရုံမှ ထုတ်လုပ်သည့် ဓာတ်အားကို လက်ခံ တာချီလိတ်မြို့ ဓာတ်အားသုံးစွဲသည့်စနစ်နှင့် ကိုက်ညီသော၊ ချိတ်ဆက်နိုင်သော မြို့နယ်အဆင့်ဖြင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် ခွင့်ပြုရမည်။ စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်နှင့် တည်ဆောက်ရေးကာလ အတွင်း ဓိပ်ကိန်းစက်ရုံအနီးကျေးရွာများ၏ ဓာတ်အားသုံးစွဲခွင့်ရရှိနိုင်ရန် ထိုင်းနိုင်ငံ PEA ကုမ္ပဏီဖြင့်

နှိုက်ဆက်၍ တတ်အားလိုင်းတည်ဆောက်ခြင်းနှင့် တတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ယခု MOA ရေးထိုးပြီးသည်နှင့် ဆောင်ရွက်ရန် ခွင့်ပြုရမည်။

၁၂.၃ စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူသည် စီမံကိန်းအကောင်အထည်ဖော်သူက တည်ဆောက်ရေးကာလအတွင်း စက်တပ်ဆင်သော လုပ်ငန်းကိစ္စအတွက် နိုင်ငံခြားသားပညာရှင်အဆင့် (၁၀)ဦးခန့် နှင့် ကျွမ်းကျင်လုပ်သား (၃၀)ဦးခန့် (လုပ်ငန်းတည်ဆောက်ရေးအများဆုံးလုပ်ကိုင်သည့်ကာလ)တွင် ခေါ်ယူလုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံခြားသားများ နေထိုင်သွားလာခွင့်များကို သက်ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်းပေးရမည်။

၁၂.၄ စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူသည် နိုင်ငံခြားမှစက်ပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းခွင့်၊ သယ်ယူပို့ဆောင်ခွင့်နှင့် အခွန်ကင်းလွတ်ခွင့်စသည့်ကိစ္စရပ်များကို သက်ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်းပေးရမည်၊

၁၂.၅ စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူသည် ရှမ်းပြည်နယ်အစိုးရနှင့် ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များအရ စီမံကိန်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan)အရ ဖွဲ့စည်းထားသောကော်မတီ၏ အနီးကပ်ကွပ်ကဲမှုဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်သက်ရောက်မှုများကို ကြီးကြပ်ဆောင်ရွက်ပေးရမည်၊

အပိုင်း -၁၃

လျှပ်စစ်တတ်အားဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း

၁၃။ စီမံကိန်းအကောင်အထည်ဖော်သူ သည် ဤစီမံကိန်းမှ ရရှိသည့် လျှပ်စစ်တတ်အားဖြန့်ဖြူးခြင်း ၊ ရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်ထားသည့် အဖွဲ့အစည်း သို့မဟုတ် မီးလင်းရေးကော်မတီနှင့် သီးခြားစာချုပ် ချုပ်ဆို၍ဆောင်ရွက်ကြမည်။

အပိုင်း-၁၄

စာချုပ်အား လွှဲပြောင်းခြင်း

၁၄။ ဤစာချုပ်ပါ သဘောတူသည့်လုပ်ငန်း အားလုံးကိုဖြစ်စေ လုပ်ငန်းတစ်စိတ်တစ်ဒေသကိုဖြစ်စေ တစ်ဖက်စာချုပ်ဝင်ထံမှ ကြိုတင်စာဖြင့် သဘောတူညီခွင့်ပြုချက်မရဘဲ တတိယပုဂ္ဂိုလ် (Third Party)အား လွှဲပြောင်းခြင်း၊ အပ်နှံဆောင်ရွက်ခြင်းတို့ကို မပြုလုပ်ရ။

အပိုင်း-၁၅

တရုပ်အား ပြင်ဆင်ဖြည့်စွက်ခြင်း

၁၅။ ဤသဘောတူစာချုပ်အား နှစ်ဖက်တဖြင့် သဘောတူညီမှုမပါဘဲ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း လုံးဝ မပြုလုပ်ရ။ ဤသဘောတူစာချုပ်အား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများသည် တရုပ်ဝင်များ၏ နှစ်ဖက်တဖြင့် သဘောတူညီမှုသာလျှင် အတည်ဖြစ်စေရမည်။

အပိုင်း-၁၆

မလွန်ဆန်နိုင်သောဖြစ်ရပ်များ


၁၆.၁ မလွန်ဆန်နိုင်သောဖြစ်ရပ်များ ဆိုသည်မှာ သဘာဝအလျောက်ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်းဝပ်ပိပြားမှု ပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် တချုပ်ဝင်တစ်ဖက်ဖက်က လိုအပ်သောသတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန်မကျော်လွှား နိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး၊ ယင်းမလွန်ဆန်နိုင်သောဖြစ်ရပ်များကြောင့် MOA ပါ လုပ်ငန်းစဉ်များကို ထိခိုက်ဆုံးရှုံးလျှင် စီမံကိန်းအကောင်အထည်ဖော်သူသည် စီမံကိန်းအကောင် အထည်ဖော်ခွင့်ပြုသူသို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းပိုင်ခွင့်မရှိစေရ။

၁၆.၂ ထိုသို့မလွန်ဆန်နိုင်သော ဖြစ်ရပ်ပေါ်ပေါက်လာပါက ၊ ယင်းဖြစ်ရပ်ဖြစ်ပေါ်သည့်အချိန်မှ (၁၄)ရက်အ တွင်း၊ စီမံကိန်းအကောင်အထည်ဖော်သူသည် စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူသို့ ချက်ချင်း တဖြင့် ရေးသားအကြောင်းကြားရမည်၊ စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူက လက်ခံအတည်ပြု လျှင် မလွန်ဆန်နိုင်သောဖြစ်ရပ်ပြောက်ပြီး၊ လုပ်ငန်းနှင့် တိုက်ရိုက်သက်ဆိုင်သော ဖြတ်တောက် အား အပိုင်းအခြားအတွက် စီမံကိန်းအကောင်အထည်ဖော်သူ၏တာဝန်ကို သက်သာခွင့်ပြုနိုင် သည်။

အပိုင်း - ၁၇

လုပ်ငန်းပြီးစီးစေရန် ဆောင်ရွက်မှုအတွက် အာမခံထားရှိခြင်း

၁၇။ စီမံကိန်းအကောင်အထည်ဖော်သူမှ စီမံကိန်းအတွက် အာမခံငွေတင်သွင်းမှုအဖြစ် ငွေကျပ်သိန်း (၅၀၀)အား တချုပ်ချုပ်ဆိုသည့်နေ့တွင် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်ထားသောနည်းလမ်း အကိုင်း စီးပွားရေးဘဏ်တစ်ခုခုတွင် အပ်နှံရမည်၊ တချုပ်ပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အထိုပ်အာမခံ ငွေအား စီမံကိန်းအကောင်အထည်ဖော်သူသို့ ပြန်လည်ထုတ်ပေးရမည်။



အပိုင်း -၁၈
အငြင်းပွားမှုကိုဖြေရှင်းခြင်း

၁၈.၁ ဤသဘောတူစာချုပ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။

၁၈.၂ ထိုသို့ဖြေရှင်း၍မရပါက တည်ဆဲဥပဒေများနှင့်အညီ စီရင်ပိုင်ခွင့်ရှိ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်။

အပိုင်း-၁၉
စီမံကိန်းရပ်စဲခြင်း

၁၉.၁ ဤစာချုပ်ကို အောက်ဖော်ပြပါ အချက်အလက်များအနက် တစ်ခုခုဖြစ်ပေါ်လာပါက စာချုပ်ဝင် တစ်ဖက်ကအခြားတစ်ဖက်သို့ ရက်ပေါင်း (၉၀) ကြိုတင်အကြောင်းကြားပြီး စာချုပ်အားရပ်စဲနိုင်သည်၊

(က) စာချုပ်ပါစီမံကိန်းကို ရက်ပေါင်း (၉၀) ပြည့်မြောက်ပြီးဖြစ်သော်လည်း စီမံကိန်း အကောင်အထည်ဖော်သူမှ ထင်အကောင်အထည် ဖော်ဆောင်ရွက်နိုင်မှု မရှိသေးခြင်း။

(ခ) မလွန်ဆန်နိုင်သောဖြစ်ရပ်တစ်ခုခု ပေါ်ပေါက်ပါက ရက်ပေါင်း (၉၀)ကာလနှင့်အထက် ဆက်တိုက်ဖြစ်ပွားနေခြင်းကြောင့် ဤသဘောတူစာချုပ်ပါစည်းကမ်းချက်များအား လိုက်နာ ဆောင်ရွက်ရန် မဖြစ်နိုင်တော့ခြင်း။

(ဂ) စာချုပ်ဝင်တစ်ဖက်ဖက်မှ စာချုပ်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

(ဃ) စာချုပ်သက်တမ်းကုန်ဆုံးခြင်း။

(င) နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်ရယူ၍ စာချုပ်ကို ရပ်စဲခြင်း။

၁၉.၂ အထက်အပိုဒ်(င)ပါအတိုင်း ရပ်စဲပါက ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ကို ရယူရမည်

၁၉.၃ စာချုပ်ကိုရပ်စဲခြင်းအားဖြင့် ဟာမျှပ်ပါ ရှေ့ဆက်ဆောင်ရွက်မည့်တာဝန်ဝတ္တရားများ။ လုပ်ပိုင်ခွင့်များ လုပ်ငန်းဆောင်ရွက်ရန် အချက်အလက်များအားလုံး လုံးဝပြီးပြတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်

အပိုင်း- ၂၀
အထွေထွေ

၂၀.၁ အောက်တွင်ဖော်ပြထားသည့် စာချုပ်ပါ နောက်ဆက်တွဲများသည် ဤစာချုပ်၏ အစိတ်အပိုင်းများ ဖြစ်စေရမည် -

(က) ကုမ္ပဏီနှင့် စပ်လျဉ်း၍ အထောက်အထားများ။ (နောက်ဆက်တွဲ 'က')

(ခ) ပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်းလုပ်ဆောင်ခွင့်ပြုသည့်အထောက်အထားများ(နောက်ဆက်တွဲ 'ခ')

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
ငွေတစ်သောင်းကျပ်
၁၀၀၀၀ ကျပ် K 10000

(ဂ) စီမံကိန်းလုပ်ဆောင်ခွင့်ပြုသည့်မြေဧရိယာ (၂၅)ဧကအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှင့် လယ်ယာထုတ်ကုန်ဖွံ့ဖြိုးရေးလုပ်ငန်း ရန်ပုံငွေ (ငွေစာရင်းအမှတ်-CF002512)သို့ ငွေသိန်း (၂၅၀)(သိန်းနှစ်ရာငါးဆယ်) ပေးသွင်းသည့်အထောက်အထား(နောက်ဆက်တွဲ 'ဂ')

(ဃ) ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် တည်နေရာပြ မြေပုံကြမ်း။ (နောက်ဆက်တွဲ 'ဃ')

(င) ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေနေရာပြမြေပုံ (နောက်ဆက်တွဲ 'ဃ-၁')

(စ) ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေနေရာ၏ ဓာတ်တပ် ဓါတ်ပုံများ (နောက်ဆက်တွဲ 'ဃ-၂')

(ဆ)	Volume.1 Feasibility Study Report.	(နောက်ဆက်တွဲ 'င')
(ဇ)	Volume.2 Financial Analysis Report.	(နောက်ဆက်တွဲ 'င-၁')
(ဈ)	Volume.3 Power Plant Conceptual Plan .	(နောက်ဆက်တွဲ 'င-၂')
(ည)	ESIA, HIA, EMP (Final Reports).	(နောက်ဆက်တွဲ 'စ')
(ဋ)	Volume.4 Environmental Management Plan of Power Plant and Coal Mine .	(နောက်ဆက်တွဲ 'စ-၁')

၂၀.၂ အကယ်၍ လျှပ်စစ်ဓာတ်အား ဝိုဝိုရရှိနိုင်သော အခြေအနေမျိုးဖြစ်ပေါ်ပါက ဤစာချုပ်ပါ (၂၀)မဂ္ဂါဝပ် အပြင် နောက်ထပ် (၁၀)မဂ္ဂါဝပ်သို့ တိုးချဲ့ခွင့်ကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

၂၀.၃ စီမံကိန်းအကောင်အထည်ဖော်သူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာရမည်ဖြစ်ပြီး၊ စီမံကိန်းအကောင်အထည်ဖော်လျက်ရှိသော လုပ်ငန်းဝန်း တစ်ခုလုံးတွင်လည်း၊ ဒေသဆိုင်ရာအစဉ်အလာများနှင့် ဓလေ့ထုံးတမ်းများကို လေးစားရမည်။

၂၀.၄ နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်များအရ ရေးထိုးချုပ်ဆိုထားသော ဤသဘောတူညီမှုစာချုပ် Memoradum of Agreement. (M.O.A.) ပါအကြောင်းအရာနှင့် အချက်အလက်များသည် လျှို့ဝှက်ချက်များဖြစ်သဖြင့် အခြားကုမ္ပဏီများသို့ မပေါက်ကြားစေရန် ပေါင့်ထိန်းရမည့် စောင့်ထိန်းရမည့် ပုဂ္ဂိုလ်များမှာ စီမံကိန်းအကောင်အထည်ဖော်သူ၊ စီမံကိန်းအကောင်အထည်ဖော် ခွင့်ပြုသူနှင့် နှစ်ဦးနှစ်ဖက်၏ ညွှန်ကြားရေးမှူးများ၊ အရာရှိများ၊ ဝန်ထမ်းများဖြစ်ပါသည်။

၂၀.၅ ဤစာချုပ်သည်သာလျှင် နှစ်ဦးနှစ်ဖက်အတည်ပြုထားသော သဘောတူညီချက် ဖြစ်သည်။ ဤကိစ္စ နှင့် ပတ်သက်၍ ယခင်ကနှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ သဘောတူညီချက် ရှိခဲ့လျှင် ထိုသဘောတူညီချက်များကို ဆက်လက်၍ အကျိုးသက်ရောက်မှု မရှိစေရ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
ငွေတစ်သောင်းကျပ်
၁၀၀၀၀ ကျပ်　K 10000

၂၀.၆ ဤစာချုပ်နှင့် စပ်လျဥ်း၍ အကြောင်းကြားစာ နှင့် အခြားဆက်သွယ်မှုများကို စာတိုက်၊ ကောင်းကြ ကြေးနန်း၊ တယ်လက်စ်၊ ဖက်စ်၊ အီးမေး၊ ကြိုးမဲ့ကြေးနန်း ကြေးနန်းတို့ဖြင့် ပေးပို့သူက ကျသင့်ငွေ ကြိုတင်ပေးချေ၍ ပေးပို့ရမည်။ ထိုသို့ဆက်သွယ်ရာတွင် အောက်ဖော်ပြပါ လိပ်စာများအတိုင်း ဆက်သွယ် ဆောင်ရွက်ရမည်။


<u>စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူ</u>	<u>စီမံကိန်းအကောင်အထည်ဖော်သူ</u>
	မန်နေဂျင်းဒါရိုက်တာ
ဥက္ကဋ္ဌ	ဦးမောင်မောင်(ခ)ဦးစိုင်းဝန်းပန်
ဦးစိုင်းထွန်းရင်	အုပ်ချုပ်မှုဒါရိုက်တာ
ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး	မင်းခေတ်သစ်သတ္တုတူးဖော်ရေး
ရှမ်းပြည်နယ်အစိုးရအဖွဲ့	ကုမ္ပဏီလီမိတက်
တောင်ကြီးမြို့	ဖုန်း။ ၀၉-၅၂၁၉၆၃
ဖုန်း။ ၀၈၁-၂၀၁၉၀၆၊ ၀၉-၅၂၀၀၇၇၁	ဖက်စ်၊ ၀၀၁-၂၀၅၀၃၁
ဖက်စ်၊ ၀၈၁-၂၀၁၉၀၅	

၂၀.၇ တစ်ဖက်မှတစ်ဖက်သို့ ဆက်သွယ်သောစာများကို လက်ခံရရှိကြောင်း ပြန်ကြားရမည်။

၂၀.၈ ဤသဘောတူစာချုပ်အား ၂၀၁၅ ခုနှစ်　　လ ၊ ရက်နေ့တွင် အောက်ပါ အသိသက်သေ များရှေ့၌ လက်မှတ်ရေးထိုးကြပါသည်။

စီမံကိန်းအကောင်အထည်ဖော်ခွင့်ပြုသူ(ကိုယ်စား)		စီမံကိန်းအကောင်အထည်ဖော်သူ(ကိုယ်စား)	
၁။		၁။	
လက်မှတ်	------------------------	လက်မှတ်	------------
အမည်	ဦးစိုင်းထွန်းရင်	အမည်	ဦးမောင်မောင်(ခ)ဦးစိုင်းဝန်းပန်
ရာထူး	ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး	ရာထူး	အုပ်ချုပ်မှုဒါရိုက်တာ
ဌာန	ရှမ်းပြည်နယ်အစိုးရအဖွဲ့	ဌာန	မင်းခေတ်သစ်သတ္တုတူးဖော်ရေး
	တောင်ကြီးမြို့		ကုမ္ပဏီလီမိတက်

ကျွန်ုပ်တို့၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်။



အသိသက်သေများ

၁။
လက်မှတ်
အမည် ဦးဇော်ဇေယျာ
ရာထူး ပြည်နယ်စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး
ဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့
တောင်ကြီးမြို့

၂။
လက်မှတ်
အမည် ဦးဇော်လှမြင့်
ရာထူး ဒါရိုက်တာ
ဌာန မင်းအောင်သစ်သတ္တုတူးဖော်ရေး
ကုမ္ပဏီလီမိတက်

၃။
လက်မှတ်
အမည် ဦးစိုင်းအိုက်ပေါင်း
ရာထူး ပြည်နယ်သယံဇာတနှင့်သတ္တုဝန်ကြီး
ဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့
တောင်ကြီးမြို့

၄။
လက်မှတ်
အမည် Thanon Sanvutho
ရာထူး Assistant Managing Director
ဌာန The Nondestructive Testing Co.Lt

၅။
လက်မှတ်
အမည် ဦးစိုင်းလှဝင်း
ရာထူး ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး
ဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့
တောင်ကြီးမြို့

၆။
လက်မှတ်
အမည် ဦးစိုင်းဝင်းကျိုင်း
ရာထူး ဒါရိုက်တာ
ဌာန မင်းအောင်သစ်သတ္တုတူးဖော်ရေး
ကုမ္ပဏီလီမိတက်

၇။
လက်မှတ်
အမည် ဦးမြင့်ဆွေအောင်
ရာထူး အတွင်းရေးမှူး
ဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့
တောင်ကြီးမြို့

ပုံစံ (၇ - က)

မြေအသုံးပြုခွင့်လျှောက်ထားလွှာ

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ၀၁၇/ မခသ (စမ)/ ၂၀၁၇
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင် လ ၂၀ ရက်

အကြောင်းအရာ။ **ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရန် မြေငှားရမ်းခွင့် သို့မဟုတ် မြေအသုံးပြုခွင့် လျှောက်ထားခြင်း။**

ကျွန်တော်/ကျွန်မသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေငှားရမ်းခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၁၆ နှင့်အညီ အောက်ပါ အချက်အလက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

၁။ မြေ/ အဆောက်အအုံ၏ ပိုင်ရှင်နှင့်စပ်လျဉ်းသောအချက်အလက်များ

(က) ပိုင်ရှင်အမည်/အဖွဲ့အစည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ခ) ဧရိယာအကျယ်အဝန်း ၄၀ ဧက (၁၆၁၈၇၄.၂၄ စတုရန်းမီတာ)

(ဂ) တည်နေရာ ကွင်းအမှတ်-ကွင်းပြင်(ကျောက်လှိုင်ဂူ)အနီး၊ မိုင်းဟဲကျေးရွာအုပ်စု၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)။

(ဃ) မူလမြေအသုံးပြုခွင့်ရရှိထားသောကာလ(မြေငှားဂရမ်သက်တမ်း)

(င) နှစ်ရှည်ငှားရမ်းခများကိုမတည်ရင်းနှီးငွေအဖြစ်ဖော်ပြခဲ့ခြင်းရှိ-မရှိ မရှိ

(စ) ကနဦးငှားရမ်းသူကသဘောတူ/မတူ သဘောတူပါသည်

(ဆ) မြေအမျိုးအစား

၂။ အငှားချထားသူ

(က) အမည်/ကုမ္ပဏီအမည်/ဌာန/အဖွဲ့အစည်း မင်းခေတ်သစ် သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(ဂ) နေရပ်လိပ်စာ

၃။ အငှားချထားခြင်းခံရသူ

(က) အမည်/ကုမ္ပဏီအမည်/ဌာန/အဖွဲ့အစည်း ဦးစိုင်းဝန်းပန် (မင်းခေတ်သစ် သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ၁၃/ကတန (နိုင်)၀၂၄၆၆၀

(ဂ) နိုင်ငံသား မြန်မာ

(ဃ) နေရပ်လိပ်စာ အမှတ် (၄၁)၊ မြို့ပတ်လမ်း၊ ချမ်းမြသာစည်ရပ်ကွက်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)

၄။ ငှားရမ်းလိုသည့်မြေနှင့်စပ်လျဉ်းသည့်အချက်အလက်များ

(က) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား (၂၃) မဂ္ဂါဝပ် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ

(ခ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ)၊

(ဂ) တည်နေရာ (ရပ်ကွက်၊ မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး)

ကွင်းအမှတ်-ကွင်းပြင် (ကျောက်လိုင်ဂူ)၊ မိုင်းဟဲကျေးရွာအုပ်စု၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)။

(ဃ) မြေဧရိယာအကျယ်အဝန်း ၄၀ ဧက (၁၆၁၈၇၄. ၂၄ စတုရန်းမီတာ)

(င) အဆောက်အအုံအရွယ်အစား/အရေအတွက် စက်ရုံအဆောက်အအုံ (၁)လုံး

(စ) အဆောက်အအုံတန်ဖိုး US$ (4.115)သန်းနှင့် ကျပ် (၃၂၅၀)သန်း၊ (အဆောက်အအုံတန်ဖိုးနှင့်ဆောက်လုပ်ရေးပစ္စည်းများအပါအဝင်)

၅။ မြေပိုင်ဆိုင်မှု/မြေဂရန်အထောက်အထား(စက်မှုဇုန်မှ အပ)၊မြေပုံနှင့် မြေငှားစာချုပ်(မူကြမ်း) တင်ပြရန်။

၆။ မြေငှားရမ်းခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါပုဂ္ဂိုလ်ထံမှ တစ်ဆင့်ငှားရမ်းထားခြင်း ရှိ-မရှိ-

- ☐ နိုင်ငံတော်၏ဥပဒေများနှင့်အညီအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံအသုံးပြုခွင့်အား ယခင်ကပင် ရရှိထားသောပုဂ္ဂိုလ်၊
- ☐ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက်နှင့်အညီနိုင်ငံတော်ပိုင်မြေသို့မဟုတ် အဆောက်အအုံအားတစ်ဆင့်ငှားယူရန် သို့မဟုတ် တစ်ဆင့်လိုင်စင် ရယူရန်အခွင့်ရှိသည့် ပုဂ္ဂိုလ်။

၇။ မြေ/အဆောက်အအုံ ငှားရမ်းခနှုန်း(တစ်နှစ်လျှင်တစ်စတုရန်းမီတာအတွက်)

